# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၈)၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ၂၇-၁၂-၂၀၂၅၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။)

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ရန်ကုန်တိုင်းဒေသကြီးတွင် ထုတ်ပြန်ထားသော ညမထွက်ရ အမိန့်အား ဒီဇင်ဘာ ၂၇ ရက် နံနက်မှ စတင်ရုပ်သိမ်း

နေပြည်တော် ဒီဇင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ် (ကိုကိုးကျွန်းမြို့နယ်မပါ) တွင် လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်၍ နံနက် ၁ နာရီမှ နံနက် ၃ နာရီအချိန်အတွင်း ညမထွက်ရ အမိန့်ကို ထုတ်ပြန်ထားခဲ့သည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု ပိုမိုတိုးတက်ကောင်းမွန်လာပြီး စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးဆိုင်ရာ ကိစ္စရပ်များ တိုးတက်ဆောင်ရွက်နိုင်ရေး၊ အများပြည်သူ သွားလာမှု အဆင်ပြေချောမွေ့စေရေးနှင့် လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးရည်ရွယ်၍ လက်ရှိထုတ်ပြန်ထားသော ညမထွက်ရ အမိန့်အား ဒီဇင်ဘာ ၂၇ ရက် နံနက်မှစ၍ ရုပ်သိမ်းလိုက်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

သတင်းစဉ်

## ပြည်တွင်းရှိ မဲစာရင်းတွင်ပါဝင်သည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရောက်ကြိုတင်မဲများ ဖွင့်ဖောက်ရေတွက်




ထန်းတပင်(ရန်ကုန်) ဒီဇင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရောက်ကြိုတင်မဲများ ဖွင့်ဖောက်ရေတွက်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

ကြိုတင်မဲများ ဖွင့်ဖောက်ရေတွက်ရာတွင်လည်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ပါတီကိုယ်စားပြုကိုယ်စားလှယ်များ ရှေ့တွင်ပွင့်လင်းမြင်သာစွာဖြင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ကြိုတင်မဲများကို ဖွင့်ဖောက်ရေတွက်ကြသည်။

အဆိုပါ ကြိုတင်မဲများ ဖွင့်ဖောက်ရေတွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပါတီကိုယ်စားပြုကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၂၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၅ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ** နေပြည်တော်တွင် အများအားဖြင့် သာယာပြီး ရန်ကုန်တိုင်းဒေသကြီးတွင် တိမ်အနည်းငယ် ဖြစ်ထွန်းကာ မန္တလေးတိုင်းဒေသကြီးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်၊ စနေနေ့။

မန္တလေး

## စိုက်ပျိုးရေးပညာရပ် သင်ကြားသင်ယူမှုနှင့် သုတေသနပွံ့ဖြိုးမှုတို့ တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိ

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၁၀၁)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲနှင့် ပိုစတာပြပွဲကို ဒီဇင်ဘာ ၂၂ရက်က အဆိုပါ တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

စာတမ်းဖတ်ပွဲနှင့် ပိုစတာပြပွဲတွင် ဒုတိယဝန်ကြီးဒေါက်တာတင်ထွဋ်က ၁၉၂၄ ခုနှစ်တွင် စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဗိမာန်အဖြစ် ဖွင့်လှစ်ခဲ့ပြီး စိုက်ပျိုးရေးပညာရပ် သင်ကြားသင်ယူမှုနှင့် သုတေသနဖွံ့ဖြိုးမှုတို့ တစ်ပြိုင်တည်း စတင်ခဲ့သည့်နည်းတူ တက္ကသိုလ်နှင့် သုတေသနတို့သည် ခွဲခြားမရသည်မှာ အထင်အရှားဖြစ်ပါကြောင်း၊ ရေမြေရာသီဥတု၊ ခေတ်စနစ်နှင့် လိုက်လျောညီထွေသော စိုက်ပျိုးဖြစ်ထွန်းမှုအတွက် စမ်းသပ်လေ့လာမှုများ၊ သုတေသနများကို စနစ်တကျ လုပ်ဆောင်နိုင်မှသာ စိုက်ပျိုးထုတ်လုပ်သူများအတွက် ထိရောက်အကျိုးရှိသည့် နည်းပညာများ၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ မှန်ကန်သည့် အကြံပြုချက်များရရှိစေမည်ဖြစ်ပြီး သွင်းအားစုနှင့် အရင်းအမြစ်များကိုလည်း အလေအလွင့်မရှိ အသုံးပြုနိုင်စေမည်ဖြစ်ကြောင်း။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်ကြားပို့ချမှုများနှင့် ဘွဲ့ဒီဂရီပေးအပ်မှုတွင် သုတေသနကို အဓိကထားဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဆင့်မီ သုတေသနများဆောင်ရွက်နိုင်မှုအတွက် လည်း များစွာဂုဏ်ယူရပါကြောင်း။ သုတေသနတွေ့ရှိချက်များကို လက်တွေ့ဘဝတွင် မှန်မှန်ကန်ကန်အသုံးချနိုင်ရေးကို အထူးဂရုပြုဆောင်ရွက်ရန်လိုကြောင်း၊ စားရေရိက္ခာ တိုးတက်ထုတ်လုပ်နိုင်စေရန် နည်းပညာများ တိုးတက်ရှာဖွေခြင်းနှင့် နည်းပညာဖြန့်ဝေပေးခြင်းစသော ဝန်ဆောင်မှုလုပ်ငန်းများကို စေတနာအပြည့်ဖြင့် ဆက်လက်လုပ်ဆောင်ပေးကြရန်နှင့် မိမိတို့ လုပ်ဆောင်လျက်ရှိသည့် ကောင်းမွန်သောအလုပ်ကို သံသယကင်းရှင်းစွာ ဂုဏ်ယူစိတ်အပြည့်ဖြင့် လုပ်ဆောင်နိုင်ရန်၊ နိုင်ငံ့စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် သုတေသနစွမ်းရည်ဖြင့် လက်တွေ့အကျိုးပြုထိရောက်သော နည်းလမ်းများကို ဆက်လက် ဆန်းစစ်ရှာဖွေနိုင်ကြစေရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီးသည် သုတေသနပြပွဲအတွင်း ခင်းကျင်းပြသထားသည့် ပိုစတာ ၅၅ စောင်နှင့် သုတေသနဆောင်ရွက်ထားရှိသည့် ရလဒ်များအား ကြည့်ရှုအားပေးသည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် ခေတ်နှင့်လျော်ညီသော အဆင့်မြင့်စိုက်ပျိုးရေးနည်းပညာများ၊ ရာသီဥတုဒဏ်ခံနိုင်သည့် နည်းပညာများ၊ ဇီဝနည်းပညာများ၊ စက်မှုလယ်ယာအပါအဝင် (Smart Agriculture)နှင့် ဈေးကွက်ဗဟုသုတများကို ပေါင်းစပ်သင်ကြားပေးရာ တက္ကသိုလ်တစ်ခုဖြစ်သည်။ ထို့ပြင် တီထွင်ကြံဆဖော်ထုတ်နိုင်ရေးနှင့် စိုက်ပျိုးရေးပညာရှင်များစွာ ပေါ်ပေါက်လာစေရေး ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးပညာရပ် သင်ကြားသင်ယူမှုနှင့် သုတေသနဖွံ့ဖြိုးမှုတို့ တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိသည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၁၀၁)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲတွင် စိုက်ပျိုးရေးပညာရှင်များနှင့် သုတေသီများက စာတမ်းခြောက်စောင် တင်သွင်းဖတ်ကြားခဲ့ကြောင်း ရေးသားလိုက်ရပေသည်။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ ငသီတာ ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## မန္တလေးဘုတာကြီး၌ ဒို့အတူတူမဲပေးကြမယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မန္တလေး ဒီဇင်ဘာ ၂၆**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများအနေဖြင့် နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန် ဆန္ဒမဲပေးနိုင်စေရေးအတွက် ဒို့အတူတူမဲပေးကြမယ် အသိပညာပေး လက်ကမ်းစာစောင်များကို မန္တလေးဘူတာကြီး၌ ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက ဖြန့်ဝေခဲ့ကြသည်။

ဒို့အတူတူမဲပေးကြမယ် အသိပညာပေး လက်ကမ်းစာစောင် စုစုပေါင်း ၁၀၀၀ အား မန္တလေးဘူတာကြီးအတွင်းရှိ ခရီးသွားလာ အများပြည်သူများအားလည်းကောင်း၊ ဈေးရောင်းဈေးဝယ်များအားလည်းကောင်း၊ လူစည်ကားသည့်နေရာများ၌ လည်းကောင်း ဖြန့်ဝေခဲ့ကြသည်။

အဆိုပါ လက်ကမ်းစာစောင်များဖြန့်ဝေရာတွင် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်း၊ ချမ်းအေးသာစံမြို့နယ် ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအသင်းအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

**ချမ်းမြေ့မောင်**

၀-၀-၀-၀-၀

၀-၀-၀-၀

## မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး ညောင်ဦးမြို့နယ်အတွင်း မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့အား ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး အခြေခံပညာကျောင်းများ၊ ရပ်ကွက် ကျေးရွာမွေ့ရုံများတွင် မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့်တာဝန်ရှိသူများ ယနေ့ မွန်းလွဲ ၁ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညို၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများသည် ညောင်ဦးမြို့ အမှတ်(၃)ရပ်ကွက်ရှိမဲရုံများ၊ အမှတ်(၄)ရပ်ကွက်ရှိမဲရုံများ၊ အမှတ်(၅)ရပ်ကွက်ရှိ မဲရုံများ၊ အမှတ်(၆)ရပ်ကွက်ရှိ မဲရုံများ၊ မြေနဲလေးကျေးရွာအုပ်စု၊ မြေနဲလေးကျေးရွာရှိ မဲရုံ၊ မြင်းကပါကျေးရွာအုပ်စု၊ မြင်းကပါကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မဲရုံအမှတ်(၃)၊ ကုန်းတန်းကြီး ကျေးရွာအုပ်စု၊ သန့်စင်ကြယ်ကျေးရွာ၊ မဲရုံအမှတ်(၃)သို့ ကွင်းဆင်းစစ်ဆေးခဲ့ရာ မဲရုံတာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့် မဲပေးနိုင်ရေးကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**ဒီပါလင်း**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်




နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်ဗဟုသုတ ပြည့်ဝကြရန်လိုပါတယ်။ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့်လူမျိုးကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန် အရေးကြီးပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၈-၉-၂၀၂၅ ရက် ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Alexei Bashan အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးသည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌ Mr. Alexei Bashan ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌက ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် အရေးပါသည့် ရွေးကောက်ပွဲကြီးကို ထောက်ခံအားပေးကြောင်း၊ ယခုလို လာရောက်လေ့လာခွင့်ရသည့်အတွက် ဝမ်းသာဂုဏ်ယူမိကြောင်းနှင့် အထူးကျေးဇူးတင်ရှိကြောင်း နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မိမိတို့ရွေးကောက်ပွဲကို အားပေးထောက်ခံမှုအပြည့်ဖြင့် လာရောက်လေ့လာသည့်အတွက် လှိုက်လှဲစွာကြိုဆိုကြောင်း၊ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသည့် သံတမန်ဆက်ဆံရေးသည် ၁၉၉၉ ခုနှစ်မှ ယနေ့အထိ ၂၆ နှစ်တိုင် ရှိပြီဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ရွေးကောက်ပွဲကျင်းပရာတွင် ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် မဲဆန္ဒရှင်ပြည်သူများ လုံခြုံစိတ်ချစွာနှင့် လွယ်ကူမှန်ကန်စွာ မဲပေးနိုင်ရေး ဆောင်ရွက်ထားမှုများ၊ အများယုံကြည်သည့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်အောင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ထားရှိမှုများ၊ နှစ်နိုင်ငံရွေးကောက်ပွဲကော်မရှင်များအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဘယ်လာရုစ်နိုင်ငံတွင်လည်း ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမှု အခြေအနေကို ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာရမည့် အစီအစဉ်များ၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ ဂုဏ်သိက္ခာရှိသည့်ရွေးကောက်ပွဲအဖြစ် ဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာကြမည့် ရုရှား၊ တရုတ်၊ အိန္ဒိယစသည့် ပြည်ပနိုင်ငံများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၆

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ ရုရှား၊ တရုတ်၊ အိန္ဒိယစသည့် ပြည်ပနိုင်ငံများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် ယနေ့ နံနက်ပိုင်းမှစ၍ လေကြောင်းခရီးဖြင့်ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲသို့ နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Deputy Chairman (State Duma)ဖြစ်သူ Mr.Kara-ool Sholban ဦးဆောင်သောအဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Special Envoy for Asian Affairs,MFA Mr.Deng Xijun ဦးဆောင်သောအဖွဲ့၊ အိန္ဒိယနိုင်ငံမှ Former Army Commander Mr.Sahni Arun Kumar ဦးဆောင်သောအဖွဲ့၊ ကာဇက်စတန်နိုင်ငံမှ Deputy Chairman of the Commission Mr . Yerman Mukhtar ဦးဆောင်သောအဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံမှ NEC Member ဖြစ်သူ H.E. Mr. YICH Samethy ဦးဆောင်သောအဖွဲ့နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံမှ Mr.Nguyen Duc Thinh ဦးဆောင်သော အဖွဲ့တို့သည် ယနေ့တွင် သတ်မှတ်ချိန်များအလိုက် ရန်ကုန်မြို့သို့ ရောက်ရှိလာကြခြင်းဖြစ်သည်။

အဆိုပါ အဖွဲ့များအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E.Mr . Iskander Azizov နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Deputy Chairman (State Duma)ဖြစ်သူ Mr.Kara-ool Sholban ဦးဆောင်သောအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများပြုလုပ်၊ မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၆

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ပွဲများကို ယနေ့တွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ လည်းကောင်း ပြုလုပ်ရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် မဲရုံလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အမှတ် (၅)အောင်မင်္ဂလာ ရပ်ကွက်မဲရုံအမှတ်(၅)နှင့် အမှတ် (၂) အောင်မေတ္တာရပ်ကွက် မဲရုံ အမှတ် (၁) တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး မြို့ ပြည်နယ် လွှတ်တော်ခန်းမဆောင်၊ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာ မူလတန်းလွန်ကျောင်းတို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့၌လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ မဲစာရင်းကပ်ထားမှု၊ မဲပေးစက်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မဲရုံတာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့် မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။



ရန်ကုန်တိုင်းဒေသကြီးတွင် မဲရုံကြိုတင်ပြင်ဆင်ထားရှိမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး မဲရုံကြိုတင်ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## မင်းလှမြို့နယ်၌ တိုင်းရင်းသားဘာသာ ငါးမျိုးဖြင့် ရိုက်နှိပ်သည့် ရွေးကောက်ပွဲအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

မင်းလှ ဒီဇင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် ရွေးကောက်ပွဲတွင် တိုင်းရင်းသားပြည်သူများ အားလုံးပါဝင်နိုင်ရန်အတွက် တိုင်းရင်းသားဘာသာ ငါးမျိုးဖြင့်ရိုက်နှိပ်သည့် ရွေးကောက်ပွဲအသိပညာပေး လက်ကမ်းစာစောင်များကို တိုင်းရင်းသား မဲဆန္ဒရှင်များထံ လက်ဝယ်အရောက် ဖြန့်ဝေပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ် ဦးစီးအရာရှိ ဒေါ်စန္ဒာအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ စောရွှေသိန်းနှင့် ကော်မတီဝင်များက ရပ်ကွက်/ကျေးရွာအုပ်စုများရှိ တိုင်းရင်းသားမဲဆန္ဒရှင်များအား တိုင်းရင်းသား ဘာသာ ငါးမျိုးဖြင့်ရိုက်နှိပ်သည့် ရွေးကောက်ပွဲ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

မင်းလှမြို့နယ်၌ မဲရုံပေါင်း ၉၀ ရှိသည့်အနက် တိုင်းရင်းသားမဲရုံ ၈၀ ရှိရာ ဆန္ဒမဲပေးမည့် တိုင်းရင်းသားစုစုပေါင်း ၂၆၃၅ ဦးရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



ပြည်သူများ
လိုလားသည့်
ဒီမိုကရေစီ
နိုင်ငံတော်ကို
ရွေးကောက်ပွဲဖြင့်သာ
ဖော်ဆောင်နိုင်မည်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်
၁
ရက်
သာ လိုတော့သည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော် ပူတာအိုခရိုင်အတွင်းရှိ နိုင်ငံရေးပါတီများနှင့်တွေ့ဆုံပြီး မဲရုံအတွင်း ခင်းကျင်းပြင်ဆင်ထားရှိမှု ကွင်းဆင်းစစ်ဆေး

ပူတာအို ဒီဇင်ဘာ ၂၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံ ဦးခင်ဇော်သည် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပူတာအိုခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က နိုင်ငံရေးပါတီများ၏ လိုအပ်ချက်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် လာရောက်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် တရားမျှတစွာ ယှဉ်ပြိုင်ရန်လိုအပ်ကြောင်း၊ မဲဆွယ်စည်းရုံးရာတွင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယခုကျင်းပမည့်ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာစွာ ဘက်လိုက်မှုမရှိဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက မြေပြင်ကွင်းဆင်းသည့် ကာလအတွင်း တွေ့ကြုံရသည့်အခြေအနေများနှင့် ရွေးကောက်ပွဲအောင်မြင်နိုင်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း၌ တတိယအကြိမ်အတည်ပြုပြီး မဲစာရင်းများအား သက်ဆိုင်ရာမဲရုံသို့ ပြောင်းရွှေ့ကြေညာကပ်ထားမှုနှင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲအပိုင်း(၁)တွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရေးအတွက် မဲရုံအတွင်း ခင်းကျင်းပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးပြီး မဲရုံတာဝန်ကျမဲရုံမှူးနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ အပိုင်းလိုက်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ရွှေဘိုမြို့၌ ကြိုတင်မဲများ ဖွင့်ဖောက်စစ်ဆေး

ရွှေဘို ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မြို့နယ်ပြင်ပ ပြည်တွင်းမှပေးပို့လာသော ကြိုတင်မဲများ ဖွင့်ဖောက်မှုကို ယနေ့ညနေပိုင်းတွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပါတီကိုယ်စားပြုကိုယ်စားလှယ်များ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

### ဖွင့်ဖောက်ရေတွက်

ထို့နောက် ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် ဝန်ထမ်းများက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ကြိုတင်ဆန္ဒမဲလက်မှတ်များကို ပါတီကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ ရှေ့တွင် ပွင့်လင်းမြင်သာစွာ ဖွင့်ဖောက်ရေတွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မော်လမြိုင်မြို့၌ ကြိုတင်ဆန္ဒမဲလက်မှတ်များ ရေတွက်

မော်လမြိုင် ဒီဇင်ဘာ ၂၆

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင် အဖွဲ့ခွဲများသည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၉၂(က) အရ ကော်မရှင်ကပေးပို့သည့် နိုင်ငံပြင်ပ ရောက်ရှိနေသူများ ဆန္ဒပြုပြီးသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ယမန်နေ့မွန်းလွဲပိုင်းက မော်လမြိုင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ရွှေမြိုင်ခန်းမ၌ ရေတွက်သည်။

### ကြိုတင်မဲများရေတွက်

မွန်ပြည်နယ်အတွင်း ကြိုတင်ဆန္ဒမဲပေးရန် အဆိုပြုသူ ၁၀၄ ဦး ရှိသည့်အနက် ၈၄ ဦးက ဆန္ဒမဲပေးခဲ့ကြရာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင် (မွန်ပြည်နယ်တာဝန်ခံ)၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများရှေ့တွင် ဖွင့်ဖောက်ရေတွက်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင်လည်း မြို့နယ်အလိုက် ကြိုတင်မဲများကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်ရုံးများတွင် ရေတွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)





## ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ကြိုတင်ဆန္ဒမဲပေးခြင်းဆောင်ရွက်

ပြင်ဦးလွင် ဒီဇင်ဘာ ၂၆

ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲရုံသို့မလာရောက်နိုင်သည့် ပြင်ဦးလွင်မြို့ရှိ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသနေသော လူနာနှင့် လူနာစောင့်များ ကြိုတင်ဆန္ဒမဲပေးခြင်းကို ယနေ့နံနက်ပိုင်းကစတင်ပြီး အဆိုပါဆေးရုံကြီး၌ ဆောင်ရွက်သည်။

ပြင်ဦးလွင်မြို့ရှိ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံတက်ရောက်ကုသနေသော ပြင်ဦးလွင်မြို့နယ် ရပ်ကွက်/ကျေးရွာများရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် လူနာနှင့် လူနာစောင့်များသည် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲရုံသို့မလာရောက်နိုင်သည့်အတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲ တာဝန်ရှိသူများက ကြိုတင်ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ကြိုတင်ဆန္ဒမဲလက်မှတ်များ ထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြုခန်းတွင် ဆန္ဒပြု၍ ဆန္ဒမဲပေးခဲ့ကြရာ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာ မြင့်မိုရ်စိုး နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ သင်းသင်းအိတို့က လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ရတနာပုံစိတ်ဝိညာဉ်နှင့် မြို့ပြတန်ဆောင်း

မြန်မာ့သမိုင်းအစဉ်အလာ၏ ရွှေရောင်လွှမ်းသော ရတနာပုံပြယုဂ်၊ ယဉ်ကျေးမှု၏ ဗဟိုချက်ဟုဆိုလျှင် မန္တလေးမြို့ကို မည်သူမျှ ငြင်းပယ်ဝံ့မည်မဟုတ်ပါ။ ပုဂံ၏ ရှေးဟောင်းအနုပညာ၊ အင်းဝ၏ နန်းဓလေ့နှင့် ကုန်းဘောင်၏ ခံ့ညားမှုတို့ကို ပေါင်းစပ်ကာ "ရတနာပုံ"ဟူသော ဂုဏ်ပုဒ်ဖြင့် မြန်မာတို့၏ နှလုံးအိမ်တွင် ကိန်းအောင်းနေသော ရာဇဝင်ထဲက မြို့တော်ပင် ဖြစ်တော့သည်။

ရိုးရာဓလေ့မှ စီးဆင်းမျောလာခဲ့သည့် မြို့ပြ၊ ဆွမ်းလောင်းအသင်းကြီးများ၏ စည်းလုံးမှု၊ သူတော်ကောင်းတရားတို့ ပျံ့လွှင့်ရာ ဓမ္မရတနာ ကျောင်းတိုက်ကြီးများ၏ ငြိမ်းချမ်းမှု၊ အပြန်အလှန် ရိုသေလေးစားတတ်မှု၊ ဧည့်ဝတ်ကျေပွန်မှုနှင့် "မန်းသူ၊ မန်းသား"ဟူသည့် ဂုဏ်ယူဝံ့ကြွားမှုတို့ဖြင့် တည်ဆောက်ထားသော မြို့ပြကြီးပင် ဖြစ်သည်။

သို့သော် မြို့ပြ၏ တန်ဖိုးသည် လှပသော နန်းတော်မြို့ရိုးနှင့် စိမ်းစိုညို့မှိုင်းသည့် တောင်တန်းများပေါ်တွင် တည်ရှိသည်မဟုတ်ဘဲ မြို့တွင် နေထိုင်ကြသော "လူသားတို့၏ စိတ်ဝိညာဉ်"၌သာ အဓိက တည်မှီနေသည်။

သို့ဖြစ်၍ နူးညံ့သိမ်မွေ့သော စိတ်ဓာတ်များကို ခေတ်သစ်မြို့ပြစနစ်များနှင့် ပေါင်းစပ်ကာ "အများပိုင် ပတ်ဝန်းကျင်ကို မြတ်နိုးခြင်း၊ စည်းကမ်းကို တန်ဖိုးထားခြင်း"ဟူသော မြို့ပြစိတ်ဓာတ် (Urban Mindset) များဖြင့် မိမိမြို့တော်ကို တည်ဆောက်ကြရမည်သာ ဖြစ်သည်။

ဤမြေတွင် ဘုရား၊ ပုထိုး၊ စေတီ၊ ကျောက်စာ၊ အနုသုခုမ လက်ရာများဖြင့် လှပဝေဆာသကဲ့သို့ ကျွန်ုပ်တို့၏ စိတ်ဓာတ်မွန်မြတ်မှု၊ နိုင်ငံသားကောင်း ပီသမှုတို့ဖြင့် ပိုမိုသာယာလှပလာစေရန် တည်ဆောက်ရမည့် သမိုင်းပေးတာဝန်မှာ မြို့နေပြည်သူတစ်ရပ်လုံး နှစ်စွဲမှုဝ စောင့်ထိန်းလိုက်နာရမည့် ကိုယ်ကျင့်တရား စံနှုန်းတစ်ခုပင် ဖြစ်ပေသည်။

ကျွန်ုပ်တို့၏ "နေထိုင်မှုပုံစံ"သည် ပတ်ဝန်းကျင်၏ ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ သာယာလှပမှုအပေါ် တိုက်ရိုက်သက်ရောက်မှုရှိနေသည်။ လူနှင့် ပတ်ဝန်းကျင် သာယာလှပစေရေးအတွက် ထားရှိအပ်သော အခြေခံစိတ်သဘာဝကို စိတ်ပညာရှင်များ၏ ရှုထောင့်အမြင်များဖြင့် သုံးသပ်တင်ပြရလျှင်-

ပိုင်ဆိုင်မှုစိတ်ဓာတ်နှင့် မိမိကိုယ်ကို တန်ဖိုးထားမှု (Sense of Ownership & Self-Esteem) သဘောတရားအရ လူတစ်ဦးတစ်ယောက်သည် မိမိနေထိုင်ရာ ပတ်ဝန်းကျင်ကို "ငါနှင့်ဆိုင်သော အရာ"ဟု ခံယူထားပါက ထိုပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်လိုစိတ် ပိုမိုပြင်းပြတတ်သည်။

မိမိနေအိမ်ကို သန့်ရှင်းအောင်ထားခြင်းသည် မိမိကိုယ်ကို တန်ဖိုးထားခြင်း (Self-esteem) ဆိုသည့် စိတ်သဘာဝကို မြှင့်တင်ပေးသကဲ့သို့ အများပိုင် ပတ်ဝန်းကျင်ကို မိမိနေအိမ်ကဲ့သို့ သဘောထားနိုင်ခြင်းသည် "တိုးချဲ့ထားသော အတ္တ" (Extended Self) ကို ပုံဖော်ခြင်းပင် ဖြစ်သည်။

ပတ်ဝန်းကျင် သာယာလှပမှုသည် လူတစ်ဦး၏ စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်မှုကို ပေးစွမ်းနိုင်ပြီး စည်းကမ်းရှိသော ပတ်ဝန်းကျင်တွင် နေထိုင်ရသူတို့သည် စိတ်ဖိစီးမှုလျော့နည်းကာ အပြုသဘောဆောင်သည့် အကောင်းမြင်တတ်သော စိတ်သဘာဝ (Positive Mental State) ပိုမိုရှိတတ်လာသည်။

ကွဲအက်နေသော ပြတင်းပေါက် သီအိုရီ (Broken Windows Theory) အရ အဆောက်အအုံတစ်ခုတွင် ပြတင်းပေါက်တစ်ခု ကွဲနေသည်ကို မပြုပြင်ဘဲထားပါက ကျန်ရှိသော ပြတင်းပေါက်များကို ဖျက်ဆီးရန် အများစုက ဝန်မလေးတော့ပေ။ ဆိုလိုသည်မှာ "သန့်ရှင်းမှုမရှိသော ပတ်ဝန်းကျင်တွင် ငါသည်လည်းပဲ မသန့်ရှင်းအောင် လုပ်ပိုင်ခွင့်ရှိသည်"ဟူသော စိတ်ပိုင်းဆိုင်ရာ လျော့ရဲမှုကို ဖြစ်စေသည်။

မိမိကစ၍ ပတ်ဝန်းကျင်ကို သန့်ရှင်းလှပအောင် စတင်ထိန်းသိမ်းနေထိုင်ခြင်းသည် အခြားသူများ၏ စည်းကမ်းဖောက်ဖျက်လိုစိတ်အပေါ် ဟန့်တားပေးသည့် "စိတ်ပိုင်းဆိုင်ရာ တားဆီးမှု" (Psychological Barrier) တစ်ခု တည်ဆောက်ပေးလိုက်ခြင်းပင် ဖြစ်သည်။

အများညီလျှင် "ဤ" ဖြစ်သည်ဟူသော "အုပ်စုစိတ်ဓာတ်" (Social Proof) သီအိုရီအရ လူတို့သည် အများစု လုပ်ကိုင်ဆောင်ရွက်ကြသည့် အမူအကျင့်များကို လိုက်နာလုပ်ဆောင်တတ်သော သဘာဝ (Conformity) ရှိတတ်ကြသည်။

လူတိုင်းသည် စနစ်တကျ သွားလာနေထိုင်ပြီး မိမိပတ်ဝန်းကျင်ကို မြတ်နိုးကြသည်ကို မြင်တွေ့ရလျှင် တစ်ဦးချင်းစီ၏ စိတ်အတွင်း၌ "ငါသည်လည်း ဤသို့ နေထိုင်မှ တော်ရာကြမည်"ဟူသော "လူမှုစံနှုန်း" (Social Norm) တစ်ရပ်ကို ကိန်းအောင်သွားစေသည်။ သာယာလှပသော ပတ်ဝန်းကျင်ကို ဖန်တီးရာတွင် တစ်ဦးချင်းစီ၏ "စံပြအမူအကျင့်" (Role Modeling) သည် အခြားသူ အများစုကို ကူးစက်စေနိုင်သော အစွမ်းသတ္တိရှိသည်။

သဘာဝတရားနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည် နိုးထမှုသီအိုရီ (Attention Restoration Theory) အရ လူသားနှင့် သဘာဝပတ်ဝန်းကျင်သည် ခွဲခြား၍ မရပေ။ စိမ်းလန်းသော သစ်ပင်များ၊ သန့်ရှင်းသောလေထုနှင့် လှပသော မြို့ပြရှုခင်းများသည် လူတို့၏ အာရုံစူးစိုက်မှုနှင့် စိတ်ပင်ပန်းမှုများကို ပြန်လည်ကုစားပေးနိုင်ကြောင်း စိတ်ပညာရှင်များက ဆိုကြသည်။

ပတ်ဝန်းကျင်ကို လှပအောင် ထားရှိခြင်းသည် အလှအပအတွက် သက်သက်မဟုတ်ဘဲ ထိုပတ်ဝန်းကျင်တွင် နေထိုင်သူတို့၏ "စိတ်ကျန်းမာရေး" (Mental Well-being) ကို တိုက်ရိုက်မြှင့်တင်ပေးနေခြင်း ဖြစ်သည်။ လူနှင့် ပတ်ဝန်းကျင်သာယာလှပစေရေးအတွက် အခြေခံထားရှိရမည့် စိတ်သဘာဝမှာ "ကိုယ်ချင်းစာတရား" (Empathy) နှင့် "တာဝန်ယူမှုစိတ်ဓာတ်" (Responsibility) တို့ ပေါင်းစပ်ထားသော စိတ်အခြေခံပင် ဖြစ်သည်။

မိမိ၏ အပြုအမူငယ်တစ်ခုသည် အများပိုင် ပတ်ဝန်းကျင်အပေါ် မည်သို့ သက်ရောက်မှုရှိမည်ကို ကြိုတင်တွေးဆ မျှော်မြင်တတ်သော "အသိဉာဏ်ပါသည့် ဆင်ခြင်တုံတရားများ" ရှိလာပါက မိမိတို့ မြို့ပြနှင့် လူနေမှုစနစ်သည် အလိုအလျောက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရကား ကျွန်ုပ်တို့၏ "ရတနာပုံ စိတ်ဝိညာဉ်"ကို နှိုးလှုပ်လိုက်ရပေသည်။

**ကိုးကား - ဒေါက်တာ ကျော်စိန်**
**'စိတ်ပညာ သမိုင်းကျမ်း'**

**မောင်ခွေနှင်း(မြန်မာစာ)**

## မုံရွာစီးပွားရေးတက္ကသိုလ်(၂၇)နှစ်ပြည့် အထိမ်းအမှတ် နိုင်ငံတကာသုတေသနညီလာခံ စာတမ်းဖတ်ပွဲ ကျင်းပ

**မုံရွာ ဒီဇင်ဘာ ၂၆**

မုံရွာစီးပွားရေးတက္ကသိုလ် တည်ထောင်ခြင်း (၂၇)နှစ်ပြည့် အထိမ်းအမှတ် ပထမအကြိမ် နိုင်ငံတကာသုတေသနညီလာခံ စာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကျင်းပခဲ့သည်။

ပထမအကြိမ် နိုင်ငံတကာ သုတေသနညီလာခံတွင် တက်ရောက်လာကြသော ပြည်တွင်း၊ ပြည်ပတက္ကသိုလ်များမှ စာတမ်းရှင်၂၇ ဦးမှ စာတမ်း ၂၇ စောင်ကို ဖတ်ကြားလျက်ရှိသည်။




မုံရွာစီးပွားရေးတက္ကသိုလ် တည်ထောင်ခြင်း (၂၇)နှစ်ပြည့် အထိမ်းအမှတ် ပထမအကြိမ် နိုင်ငံတကာသုတေသနညီလာခံ စာတမ်းဖတ်ပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီက တက္ကသိုလ်ရှိ ငွေရတုခန်းမ၊ ပင်မဆောင်ရှေ့တွင် ကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့သည်။

မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်၊ မုံရွာတက္ကသိုလ် ပါမောက္ခချုပ်၊ မုံရွာပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပင်မဆောင် ငွေရတုခန်းမတွင် မုံရွာစီးပွားရေး တက္ကသိုလ် တည်ထောင်ခြင်း (၂၇)နှစ်ပြည့် အထိမ်းအမှတ် ပထမအကြိမ် နိုင်ငံတကာ သုတေသနညီလာခံကို ဆက်လက်ကျင်းပသည်။

"မုံရွာစီးပွားရေးတက္ကသိုလ် အနေနဲ့ Regular Program ဖြစ်တဲ့ ဘွဲ့ကြို၊ ဘွဲ့လွန်နဲ့ ပါရဂူဘွဲ့တွေ အပါအဝင် ပညာရေးဆိုင်ရာ အစီအစဉ်အမျိုးမျိုးကို ပံ့ပိုးပေးတဲ့အပြင် အွန်လိုင်းသင်ယူမှုကတစ်ဆင့် မဟာဘွဲ့နဲ့ ဒီပလိုမာဘွဲ့တွေကိုလည်း ပံ့ပိုးပေးလျက်ရှိပါတယ်။ မုံရွာစီးပွားရေး တက္ကသိုလ်ဟာ ကိုရီးယား၊ တရုတ်၊ အီတလီ၊ ရိုမေးနီးယားနဲ့ ဂျာမနီနိုင်ငံရှိ အဖွဲ့အစည်းများနဲ့ MOU များ လက်မှတ်ရေးထိုးပြီး သုတေသနညီလာခံတွေ၊ အလုပ်ရုံ ဆွေးနွေးပွဲတွေနဲ့ ကျောင်းသားဖလှယ်ရေးအစီအစဉ်တွေမှာ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာ တက္ကသိုလ်တွေနဲ့ ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ဖို့ အဆက်မပြတ် ကြိုးစားနေပါတယ်။ MOU မိတ်ဖက်အဖွဲ့အစည်းတွေထဲက တစ်ခုဖြစ်တဲ့ မဏိပူရတက္ကသိုလ်က သုတေသီတွေအပြင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှု တက္ကသိုလ်(သန်လျင်)နဲ့ စစ်ကိုင်း အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်ကဲ့သို့သော စီးပွားရေးနဲ့ ဆက်စပ်တဲ့ တက္ကသိုလ်ဒီဂရီကောလိပ်တွေက ပညာရှင်တွေနဲ့ မန္တလေးတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်နဲ့ မန္တလာတက္ကသိုလ် အပါအဝင် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွေက ပညာရှင်တွေအားလုံး အတွက် ဂုဏ်ယူမိပါတယ်။ ဒီညီလာခံမှာ သုတေသနစာတမ်း စုစုပေါင်း ၂၇ စောင်ကို ဖတ်ကြားမှာ ဖြစ်ပါတယ်"ဟု မုံရွာစီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနီလာမြင့်ထူးက ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်တွင်း၊ ပြည်ပ တက္ကသိုလ်များမှ စာတမ်းရှင်များက စာတမ်းများကို အစီအစဉ်အတိုင်း ဆက်လက်ဖတ်ကြားလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၃၉၄)

*-*-*-*-*

# နှစ်သစ်ကူးကာလအတွင်း အကြမ်းဖက်တိုက်ခိုက်ရန်ပြင်ဆင်နေသည့် အိုင်အက်စ်အဖွဲ့ဝင်ဟု သံသယရှိသူတစ်ဦးကို တူကီယဲရဲအရာရှိများ ဖမ်းဆီး

**အန်ကာရာ ဒီဇင်ဘာ ၂၆**

နှစ်သစ်ကူးကာလအတွင်း အကြမ်းဖက်တိုက်ခိုက်ရန်ပြင်ဆင်နေသည့် အိုင်အက်စ်အဖွဲ့ဝင်ဟု သံသယရှိသူတစ်ဦးကို တူကီယဲနိုင်ငံ အရှေ့ပိုင်း မာလာတီယာပြည်နယ်၌ ယနေ့ ဖမ်းဆီးခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက သတင်းဖော်ပြခဲ့သည်။

အမျိုးသားထောက်လှမ်းရေးအဖွဲ့က အီဘရာဟင် ဘာတာကူစင် ဟု ယူဆသည့် အဆိုပါသံသယရှိသူသည် တူကီယဲနိုင်ငံအတွင်းနှင့်ပြင်ပရှိ အိုင်အက်စ်အဖွဲ့ဝင်များနှင့် အဆက်အသွယ်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်ဟု နိုင်ငံပိုင်ရုပ်သံလွှင့်ဌာန တီအာရ်တီက ဖော်ပြခဲ့သည်။

၎င်းသည် အကြမ်းဖက်မှုလုပ်ဆောင်ရန်နှင့် အိုင်အက်စ်အဖွဲ့နှင့်ပူးပေါင်းရန် ပဋိပက္ခဇုန်များသို့ ခရီးထွက်ရန်စီစဉ်နေကြောင်း ထောက်လှမ်းရေးအဖွဲ့၏စစ်ဆေးမှုများအရ သိရသည်။

တူကီယဲလုံခြုံရေး တပ်ဖွဲ့ဝင်များက မာလာတီယာမြို့၌ ၎င်းကို ရှာဖွေဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ စစ်ဆင်ရေးအတွင်း ဒစ်ဂျစ်တယ်ပစ္စည်းများနှင့် အခြားသောဆက်စပ်ပစ္စည်းများကို ၎င်း၏နေအိမ်မှ သိမ်းဆည်းရမိခဲ့ပြီး လက်ရှိတွင် စစ်ဆေးလျက်ရှိသည်။

ခရစ္စမတ်နှင့် နှစ်သစ်ကူး အားလပ်ရက်များတွင် အိုင်အက်စ်အဖွဲ့က အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်နိုင်ကြောင်း ထောက်လှမ်းရေးအဖွဲ့က သတိပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း၌ အကြမ်းဖက်မှု တန်ပြန်ရေးကြိုးပမ်းမှုများ ဆောင်ရွက်လျက်ရှိစဉ် ယခုကဲ့သို့ ဖမ်းဆီးခံရခြင်း ဖြစ်သည်။

အလားတူ ဒီဇင်ဘာ ၂၅ ရက်တွင် တူကီယဲ ရဲတပ်ဖွဲ့က အစ္စတန်ဘူလ်မြို့၌ အကြီးစားစစ်ဆင်ရေး တစ်ခုအတွင်း အိုင်အက်စ်အဖွဲ့ဟု သံသယရှိသူ ၁၁၅ ဦးကို ဖမ်းဆီးခဲ့သည်။



တူကီယဲနိုင်ငံက အိုင်အက်စ်အဖွဲ့အား အကြမ်းဖက်အဖွဲ့အဖြစ် ၂၀၁၃ ခုနှစ်တွင် တရားဝင် သတ်မှတ်ခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

## ၂၀၂၅ ခုနှစ်အတွင်း ဒုံးပျံလွှတ်တင်ရန် ကြိုးပမ်းမှု ၈၀ ကျော်ရှိလာ အာကာသကဏ္ဍတွင် တရုတ်နိုင်ငံက ကြီးမားသော တိုးတက်မှုများရရှိ

**ပေကျင်း ဒီဇင်ဘာ ၂၆**

တရုတ်နိုင်ငံသည် လိုက်ပါစီးနင်းသူပါဝင်သည့် လပေါ်ဆင်းသက်မှုဆိုင်ရာ အဓိကစမ်းသပ်မှုများ၊ ဒုံးပျံအသစ်များနှင့် ဒုံးပျံတွန်းအားပေးစက်များ ပြန်လည်ဆင်းသက်နိုင်ရန် ကြိုးပမ်းမှုများ၊ အာကာသနက်ပိုင်းဆိုင်ရာ မစ်ရှင်အသစ်တစ်ခုနှင့် လူလိုက်ပါသော ပထမဆုံးအာကာသခရီးစဉ် အရေးပေါ်အခြေအနေကို အောင်မြင်စွာ ဖြေရှင်းနိုင်မှုတို့အပါအဝင် အာကာသကဏ္ဍတွင် ကြီးမားသော တိုးတက်မှုများရရှိခဲ့သည့် နှစ်တစ်နှစ်ကို အဆုံးသတ်နေပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် စိုက်ထူခဲ့သော (၆၈) ကြိမ်ဆိုသည့် တစ်နှစ်အတွင်း ဒုံးပျံလွှတ်တင်မှု စံချိန်ဟောင်းကို ချိုးခဲ့ပြီးဖြစ်ကာ ယခုသတင်းထုတ်ပြန်ချိန်အထိ ရက်သတ္တပတ်အနည်းငယ်ကျန်ရှိနေသေးသော်လည်း ပတ်လမ်းကြောင်းအတွင်းသို့ ဒုံးပျံလွှတ်တင်ရန် ကြိုးပမ်းမှုအကြိမ်ပေါင်း ၈၀ ကျော်အထိ ရှိလာခဲ့သည်။

အဆိုပါ လွှတ်တင်မှုများအနက် စီးပွားဖြစ်လွှတ်တင်ရေး လုပ်ငန်းနှစ်ခုမှာ ကျရှုံးခဲ့သော်လည်း ဂုဏ်သတင်းကျော်ကြားသော လောင်းမတ်ချ်ဒုံးပျံစီးရီးများသည် ၂၀၂၀ ပြည့်နှစ်မှစတင်ကာ အမှားအယွင်းမရှိသော မှတ်တမ်းကောင်းကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။

တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် တစ်ကျော့ပြန်အသုံးပြုနိုင်သော ပတ်လမ်းကြောင်းသွားဒုံးပျံကို ပထမဆုံးအကြိမ် လွှတ်တင်ခြင်းနှင့် ဆင်းသက်ခြင်းတို့ကို ကြိုးပမ်းခြင်းဖြင့် အဓိကသမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့သည်။

စပေ့စ်အိတ်စ်ကုမ္ပဏီက ဖဲလ်ကွန် ၉ ၏ ပထမအဆင့်ဒုံးပျံကို ပထမဆုံးအကြိမ် အောင်မြင်စွာ ပြန်လည်ဆင်းသက်စေခဲ့ပြီး ဆယ်စုနှစ်တစ်ခုအကြာတွင် တရုတ်နိုင်ငံသည် တစ်ကျော့ပြန်အသုံးပြုနိုင်သော လွှတ်တင်မှုစွမ်းရည်ကို ရရှိရန် နီးစပ်လာခဲ့ပြီး ယခုနှစ်ကုန် ဒီဇင်ဘာလနှောင်းပိုင်းတွင် တစ်ကျော့ပြန်အသုံးပြုနိုင်သည့် လောင်းမတ်ချ် ၁၂ အေဒုံးပျံအသစ်ကို လွှတ်တင်ရန် တရုတ်နိုင်ငံက စီစဉ်နေကြောင်း သိရသည်။

Mon



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ကာလီဖိုးနီးယားပြည်နယ်၏ ဒေသအတော်များများတွင် ရေကြီးမှုများအတွင်း ကားများထဲတွင် ပိတ်မိနေသူများကို ကယ်ဆယ်



**ဝါရှင်တန် ဒီဇင်ဘာ ၂၆**

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်၏ ဒေသအတော်များများတွင် ပြင်းထန်သော မိုးသက်လေမုန်တိုင်းများ တိုက်ခတ်ခြင်းကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီး ခရစ္စမတ်ညအထိ လူသုံးဦး သေဆုံးခဲ့ကြောင်း ဒေသန္တရအာဏာပိုင်များကို ကိုးကား၍ စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဒီဇင်ဘာ ၂၆ ရက်အထိ ဆက်လက်ဖြစ်ပွားနိုင်မည်ဟု ခန့်မှန်းရသော အဆိုပါမုန်တိုင်းများကြောင့် လော့စ်အိန်ဂျလိစ်ခရိုင်၏ အချို့သောဒေသများတွင် မိုးရေချိန် ၁၁ လက်မ (၂၇ စင်တီမီတာ) အထိ ရွာသွန်းခဲ့ပြီး လူနေအိမ်များမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းစေခြင်းနှင့် အဓိကလမ်းမကြီးများကို ပိတ်ထားရခြင်းများ ရှိခဲ့သည်။

အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များသည် ရေကြီးရေလျှံမှုများအတွင်း မော်တော်ယာဉ်များထဲတွင် ပိတ်မိနေသူများကို ကယ်ဆယ်ခြင်းအပါအဝင် ကယ်ဆယ်ရေးလုပ်ငန်း အမြောက်အမြားကို လုပ်ဆောင်ခဲ့ရသည်။

ကာလီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆမ်သည် လော့စ်အိန်ဂျလိစ်ခရိုင်နှင့် အခြားသော တောင်ပိုင်းကာလီဖိုးနီးယားခရိုင်များတွင် ဒီဇင်ဘာ ၂၄ ရက်က အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။

ယမန်နေ့ညနေပိုင်းအထိ ယင်းပြည်နယ်အတွင်းရှိ လူဦးရေ တစ်သိန်းခန့်မှာ လျှပ်စစ်မီးပြတ်တောက်မှုနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Mon

STOP AIDS

## အိန္ဒိယနိုင်ငံ၏ နေရောင်ခြည်စွမ်းအင် တိုးချဲ့မှုတွင် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲခြင်းအတွက် စီစဉ်ထားရန်လိုအပ်

**ဒေလီ ဒီဇင်ဘာ ၂၆**

အိန္ဒိယနိုင်ငံ၏ လျင်မြန်သော နေရောင်ခြည်စွမ်းအင် တိုးချဲ့မှုသည် အောင်မြင်မှုတစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ချီးကျူးခံနေရသော်လည်း ၎င်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲရန် အစီအစဉ်မရှိပါက အဆိုပါ အကျိုးအပြောင်းသည် မည်မျှအထိ သန့်စင်မှုရှိနိုင်မည်နည်းဟု မေးခွန်းထုတ်စရာဖြစ်လာနိုင်ကြောင်း သိရသည်။

ဆယ်စုနှစ်တစ်ခုကျော် ကာလအတွင်း အိန္ဒိယနိုင်ငံသည် ကမ္ဘာ့တတိယအကြီးဆုံး နေရောင်ခြည်စွမ်းအင် ထုတ်လုပ်သည့်နိုင်ငံ ဖြစ်လာခဲ့ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် ယခုအခါ ၎င်း၏ရာသီဥတုဆိုင်ရာ မဟာဗျူဟာတွင် အဓိကကျသော အစိတ်အပိုင်းဖြစ်လာသည်။

နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများကို ကြီးမားသော ဆိုလာစွမ်းအင်သုံး ဥယျာဉ်ကြီးများမှသည် မြို့ကြီးပြကြီးများ၊ မြို့ငယ်များနှင့် ကျေးရွာများရှိ အပြာရောင်ခေါင်မိုးများအထိ နေရာအနှံ့အပြားတွင် တွေ့ရှိရသည်။

ကြီးမားသော ဆိုလာဥယျာဉ်များနှင့်အတူ ယခုအခါ အိမ်ခေါင်မိုးတပ် ဆိုလာစနစ် သန်းပေါင်းများစွာမှလည်း လျှပ်စစ်ဓာတ်အား ကွန်ရက်အတွင်းသို့ စွမ်းအင်များ ဖြည့်တင်းပေးလျက်ရှိသည်။ အစိုးရ၏ အချက်အလက်များအရ ထောက်ပံ့ကြေးအစီအစဉ်အောက်တွင် နေအိမ်ပေါင်း ၂ ဒသမ ၄ သန်းနီးပါးသည် နေရောင်ခြည်စွမ်းအင်ကို အသုံးပြုလာကြသည်ဟု ဆိုသည်။

နေရောင်ခြည်စွမ်းအင် တိုးတက်လာမှုသည် အိန္ဒိယနိုင်ငံ၏ ကျောက်မီးသွေးအပေါ် မှီခိုမှုကို လျှော့ချပေးခဲ့သည်။ အပူစွမ်းအင်နှင့် အခြားပြန်လည်ပြည့်ဖြိုးမြဲမဟုတ်သော စွမ်းအင်များသည် တပ်ဆင်ထားသည့် စွမ်းဆောင်ရည်၏ ထက်ဝက်ကျော်ကို ထောက်ပံ့ပေးနေဆဲ ဖြစ်သော်လည်း နေရောင်ခြည်စွမ်းအင်သည် ယခုအခါ ၂၀ ရာခိုင်နှုန်းကျော် ပါဝင်နေပြီဖြစ်သည်။

သို့သော်လည်း အဆိုပါ အောင်မြင်မှုတွင် စိန်ခေါ်မှုတစ်ရပ်ပါရှိနေပြီး ၎င်းမှာ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများသည် အသုံးပြုနေစဉ်အတွင်း သန့်စင်သော်လည်း စနစ်တကျ စီမံခန့်ခွဲမှုမရှိပါက ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်များ ဖြစ်လာနိုင်ကြောင်း သိရသည်။

Mon





## မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းများ ဆောင်ရွက်

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးမှူး ဦးစောမောင်၏ လမ်းညွှန်မှုဖြင့် မီးသတ်စခန်းမှူး ဦးသက်နိုင်ဦး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် ယမန်နေ့နံနက် ၁၀ နာရီက တောင်တွင်းကြီးမြို့အတွင်းရှိ မဲရုံများနှင့် မဲရုံပတ်ဝန်းကျင် မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခဲ့သည်။ (ဓဝံ)

တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း မကြာမီကျင်းပတော့မည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် မဲရုံများဖွင့်လှစ်ဆောင်ရွက်သွားမည့် အခြေခံပညာကျောင်းများ၊ ဓမ္မာရုံများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများနှင့် မဲရုံပတ်ဝန်းကျင်ရှိ လူနေရပ်ကွက်များအား မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိ၊ မီးဘေးအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ပြည့်စုံကောင်းမွန်မှု ရှိ၊ မရှိ၊ ကျောင်းပတ်ဝန်းကျင်အနီး လူနေအိမ်များ ပေါ့ဆမှုကြောင့် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးတို့အတွက် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**

## လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး ဖမ်းဆီးအရေးယူ

**စစ်ကိုင်း ဒီဇင်ဘာ ၂၆**



စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒသကြီး၊ စစ်ကိုင်းမြို့နယ်၊ တကောင်းရပ်ကွက်ရှိ တရားမဝင်ကုန်သွယ်မှု ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စစ်ကိုင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးမြို့မှ မုံရွာမြို့ဘက်သို့ ပုလဲမြို့နယ်၊ သက်ကယ်ကျင်းကျေးရွာနေ လှဦး(၅၃)နှစ်ဆိုသူ မောင်းနှင်သည့် HIJET မော်တော်ယာဉ်အား စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် လှဦးအား စစ်ကိုင်းမြို့မရဲစခန်း ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့် လည်းကောင်း၊ အလားတူ ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီ ၁၅မိနစ်တွင် အဆိုပါ တရားမဝင်ကုန်သွယ်မှု ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ကိုင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးမှ မုံရွာဘက်သို့ မိုးကောင်းမြို့၊ နောင်ကိုင်တော် ရပ်ကွက်နေ စည်သူအောင်(၂၆)နှစ်ဆိုသူ မောင်းနှင်သည့် AD VAN မော်တော်ယာဉ်အား စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် စည်သူအောင်ဆိုသူအား စစ်ကိုင်းမြို့မရဲစခန်း ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*



## ဖဲရိုက်လောင်းကစားပြုလုပ်နေသူများအား ဖမ်းဆီးအရေးယူ

**ပဲခူး ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး၊တောင်ငူမြို့နယ်၌ ဖဲရိုက်လောင်းကစားပြုလုပ်နေသူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၂ ရက် ည ၇ နာရီတွင် တောင်ငူမြို့နယ်၊ (၁၄)ရပ်ကွက်ရှိ မီးရထားကုန်ရုံအဟောင်းထဲ၌ ဖဲရိုက်လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ တောင်ငူမြို့နယ်၊ အမှတ်(၂)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ ရွှေဘုံသာ(၁) ရပ်ကွက်နေသူများဖြစ်သည့် ဇော်ထွန်း(၄၆)နှစ်၊ အောင်ကိုလတ်(၂၃)နှစ်ဆိုသူ၊ တောင်ငူမြို့နယ်၊ (၁၄)ရပ်ကွက်နေသူများဖြစ်သည့် ဒေါ်တင်မာစိုး(၄၉)နှစ်၊ မချောစု(၄၂)နှစ်နှင့် ဒေါ်မိချော(၅၄)နှစ်ဆိုသူတို့ ငါးဦးအား ဖဲရိုက်လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဇော်ထွန်းပါငါးဦးအား တောင်ငူမြို့နယ်၊ အမှတ်(၂)နယ်မြေရဲစခန်းက ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး

**ပဲခူး ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ရွှေတောင်ကျေးရွာ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၃၄၁ မိုင် ၄ ဖာလုံအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ရွှေတောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ လယ်ဝေးမြို့နယ်၊ရေအိုးစဉ်ကျေးရွာမှ ဘုရားပွဲပြီး၍ ပစ္စည်းများတင်ဆောင်လာသော ပခုက္ကူမြို့နယ်၊ ဆင်လမ်းကျေးရွာနေ ဦးကြည်ရှိန်(၅၂)နှစ်ဆိုသူမောင်းနှင်သည့် NISSAN DIESEL ၁၂ဘီး မော်တော်ယာဉ်အား တောင်သာမြို့၊ (၂)ရပ်ကွက်နေ ဦးသိန်းဇော်မြင့်(ခ)ဦးတိုး(၅၈)နှစ်ဆိုသူ မောင်းနှင်လာသည့် HINO PROFIA ၁၂ ဘီး မော်တော်ယာဉ်မှ အခင်းဖြစ်နေရာ အရောက်၌ အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်ရောက် တိုက်မိခဲ့သဖြင့် HINO PROFIA ၁၂ ဘီး မော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် မင်းလှမြို့နယ်၊ မလွန်ကျေးရွာနေ ခန့်ဇော်(၁၉)နှစ်ဆိုသူမှာ ယာဉ်ပေါ်မှပြုတ်ကျပြီး ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် သိန်းဇော်မြင့်(ခ)ဦးတိုးဆိုသူအား ရွှေတောင်နယ်မြေက ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

## အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် လက်ထပ်ပေါင်းသင်းစေကာ ရရှိသောငွေကြေးအကျိုးအမြတ်အား ခေါင်းပုံဖြတ်ရယူရန် ဆောင်ရွက်ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ်လက်ထပ်ပေါင်းသင်းစေကာ ရရှိသော ငွေကြေးအကျိုးအမြတ်ကို ခေါင်းပုံဖြတ်ရယူရန် ဆောင်ရွက်ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မျှော်တောကျေးရွာနေ မ---(၁၉)နှစ်အား ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၂၁) မိုးကြိုးရွာမကြီးနေ မနှင်းနွယ်ဦးနှင့် မနှင်းနှင်းရွှေတို့က ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၂၁) လေးအိမ်စုကျေးရွာနေ မမာမာဝင်း(တရုတ်နိုင်ငံသို့ ရောက်ရှိနေသူ)နှင့် ချိတ်ဆက်ကာ လောက်ကိုင်မြို့ရှိ အကင်ဆိုင်တွင် အလုပ်လုပ်ရန် မမာမာဝင်း၏ ခင်ပွန်း ကိုပြည့်ဖြိုးအောင်(လိပ်စာတူ)မှတစ်ဆင့် ပို့ဆောင်ခဲ့သည်။

ယင်းနောက် လောက်ကိုင်မြို့ရှိ အမည်မသိ ရခိုင်အမျိုးသမီး နေထိုင်သည့် အဆောင်သို့ ရောက်ရှိခဲ့ပြီး ၎င်းအား တရုတ်အမျိုးသားနှင့် လက်ထပ်ရမည်ဖြစ်ကြောင်း ပြောဆိုသဖြင့် မယူလိုကြောင်း ငြင်းဆန်ခဲ့ရာ မူဆယ်မြို့ရှိကိုအေးကျော်ဌေး (ခ)ဖူးသီးထံ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း၊ ကိုအေးကျော်ဌေး(ခ)ဖူးသီးက တရုတ်နိုင်ငံ ရွှေလီမြို့ရှိ တရုတ်အမျိုးသားတစ်ဦးထံ ပို့ပေးမည်၊ တရုတ်ယောကျ်ားယူပါက ယွမ် ၁၀၀၀ ပေးမည်ဟု ပြောဆိုသဖြင့် တရုတ်ယောကျ်ားမယူလို၍ ထွက်ပြေးခဲ့ပြီး အမည်မသိတည်းခိုခန်း၌ တည်းခိုနေစဉ် သူငယ်ချင်းဖြစ်သူ၏ အကူအညီဖြင့် မန္တလေးမြို့သို့ပြန်လည်ရောက်ရှိခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (မန္တလေး)မှ တရားလိုပြုလုပ် တိုင်တန်းခဲ့ရာ ပြင်ဦးလွင်မြို့မရဲစခန်း(ပ)၂၁၈/၂၀၁၅ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ပြင်လွင်ဦးမြို့ ခရိုင်တရားရုံးက မနှင်းနွယ်ဦး၊ မနှင်းနှင်းရွှေနှင့် ကိုပြည့်ဖြိုးအောင်တို့သုံးဦးအားအလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မမာမာဝင်းနှင့် ကိုအေးကျော်ဌေးတို့ နှစ်ဦးအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ ထုတ်ဆင့်အတည်ပြုကာ အမည်မသိ ရခိုင်အမျိုးသမီးမှာ နေရပ်လိပ်စာ စုံစမ်းမရသဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုဆောင်ရွက်နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်နေ မ---(၂၂)နှစ်ကို မူဆယ်-မန္တလေး ခရီးသည်တင်ယာဉ်ပေါ်၌ ခင်မင်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် သင်တောကျေးရွာနေ မစံပယ်ထူး(ခ)မီးမီးက တရုတ်နိုင်ငံတွင် အလုပ်လုပ်ပါက ငါးလလျှင် ငွေကျပ်သိန်း ၁၀၀ ရရှိမည်၊ လစဉ် ငွေကျပ် သိန်း ၅၀ ရရှိမည်ဟု ပြောဆိုစည်းရုံးကာ ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် လွယ်ဝေါ ကျေးရွာအုပ်စု ကန်မိန်းကျေးရွာနေ မအေးမတ်၊ မအေးညွန့်(လိပ်စာတူ)နှင့် တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ် ယုံတိမြို့နယ် လုံရန်မြို့ ဟောရှင်းအုပ်စု လီရှင်းကျေးရွာနေ နိုင်ငံကူးလက်မှတ် အမှတ် EX 9981800 ကိုင်ဆောင်သူ တရုတ်နိုင်ငံသား ကျိုးဝေချန့်တို့နှင့် မန္တလေးမြို့ နေအိမ်တစ်ခု၌ တွေ့ဆုံပေးခဲ့သည်။

ထို့နောက် ၎င်းတို့ လေးဦးက ကြိုတင်ငွေများထုတ်ပေးခြင်း၊ တရုတ်ဇနီးမယားအဖြစ် တရုတ်နိုင်ငံသို့ သွားရောက်ရန်အတွက် မြဝတီမြို့သို့ သွားရောက်၍ ပတ်စ်ပို့ပြုလုပ်စေခြင်း၊ တရုတ်ယောကျ်ားမယူပါက ယွမ် ၁၅၀၀၀ ပေးလျော်ရမည်ဟု ခြိမ်းခြောက်ပြောဆို ရိုက်နှက်ခြင်း၊ အမည်မသိ တရုတ်အမျိုးသားများနှင့် ပေါင်းသင်းနေထိုင်စေခြင်းများ စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (မန္တလေး)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) နယ်မြေရဲစခန်း(ပ)၄၄/၂၀၁၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် မဟာအောင်မြေခရိုင် တရားရုံးက မစံပယ်ထူး(ခ)မီးမီး၊ မအေးမတ်နှင့် မအေးညွန့်တို့ သုံးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က) အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီကျခံစေရန်နှင့် တရုတ်နိုင်ငံသား ကျိုးဝေချန့်အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✣ စာမျက်နှာ ၂၄ မှ

တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၅၄ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ K K Park အား ဖောက်ခွဲဖျက်ဆီးမည့် အစီအမံ အပိုင်း(၃) (၂၆-၁၂-၂၀၂၅)








မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။





K K Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား မီးရှို့ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။




K K Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်လူနေအဆောက်အအုံ။




K K Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် သုံးထပ်လူနေအဆောက်အအုံ။



# နိုင်ငံတကာ အားကစား သတင်းများ

## ဂျာဗီဂါလန်အား အိုဆာဆူနာအသင်း ခေါ်ယူ

**မက်ဒရစ် ဒီဇင်ဘာ ၂၆**

အိုဆာဆူနာအသင်းသည် အက်သလက်တီကိုမက်ဒရစ် အသင်း နောက်ခံကစားသမား ဂျာဗီဂါလန်အား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် အက်သလက်တီကို မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၆ ပွဲကစားပြီး အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အိုဆာဆူနာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။




အသက်(၃၁)နှစ်အရွယ်ရှိ ဂျာဗီဂါလန်က "ကျွန်တော် အိုဆာဆူနာအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့်ရရှိဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (ဓါတ်ပုံ)

(NGB)




## 2026 Workday Canberra International တင်းနစ်ပြိုင်ပွဲ ဇန်နဝါရီ ၅ ရက်တွင် စတင်မည်

**လန်ဒန် ဒီဇင်ဘာ ၂၆**

ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Workday Canberra International တင်းနစ်ပြိုင်ပွဲလာမည့် ဇန်နဝါရီ ၅ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2026 Workday Canberra International တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၅ ရက်မှ ၁၁ရက်အထိ ၇ ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2026 Workday Canberra International တင်းနစ်ပြိုင်ပွဲသို့ နာမည်တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

Workday Canberra International တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဂျပန်တင်းနစ်မယ် Aoi Ito တို့ ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## မာရီယိုဂီလာအား ခေါ်ယူရန် ချဲလ်ဆီးအသင်းနှင့် ဘုန်းမောက်အသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဒီဇင်ဘာ ၂၆**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် ချဲလ်ဆီးအသင်းနှင့် ဘုန်းမောက်အသင်းတို့သည် လာဇီယိုအသင်း နောက်ခံကစားသမား မာရီယိုဂီလာအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။ **(အောက်ယာပုံ)**

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လာဇီယိုအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၁၀၀ကစားပြီး ၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

နောက်ခံကစားသမား မာရီယိုဂီလာကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် ဘုန်းမောက်အသင်းတို့အနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် မည်သည့်အသင်းက လာဇီယိုအသင်းထံမှ မာရီယိုဂီလာအား ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## ဟာဂျီရိုက် ကိုဗင်ထရီအသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် ဒီဇင်ဘာ ၂၆**


တိုက်စစ်မှူး ဟာဂျီရိုက်အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ကိုဗင်ထရီအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဟာဂျီရိုက်သည် ကိုဗင်ထရီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၁ ပွဲကစားပြီး ဂိုး ၄၀အထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

ကိုဗင်ထရီအသင်းထုတ်ပြန်ချက်တွင် "ဟာဂျီရိုက်အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

**(အောက်ပုံ)(NGB)**



## မာရက်ဇ် အယ်လ်ဂျီးရီးယားလက်ရွေးစင်အသင်းကစားသမားဘဝ သွင်းဂိုးပါဝင်ပတ်သက်မှု ဂိုး ၈၀ ပြည့်မြောက်

**လန်ဒန် ဒီဇင်ဘာ ၂၆**

အယ်လ်ဂျီးရီးယားလက်ရွေးစင်အသင်း တောင်ပံကစားသမား မာရက်ဇ်အသင်းကစားသမားဘဝ သွင်းဂိုးပါဝင်ပတ်သက်မှု ဂိုး ၈၀ ပြည့်မြောက်ခဲ့သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် အယ်လ်ဂျီးရီးယားအသင်းက ဆူဒန်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား မာရက်ဇ်သည် အယ်လ်ဂျီးရီးယားလက်ရွေးစင်အသင်းကစားသမားဘဝတွင် သွင်းဂိုး ၃၆ ဂိုး၊ ဂိုးဖန်တီးမှု (၄၄)ကြိမ်ပြုလုပ်ကာ သွင်းဂိုးပါ ဝင်ပတ်သက်မှု ဂိုး ၈၀ ပြည့်မြောက်ခြင်း ဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ မာရက်ဇ်က "အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုမှတ်တမ်းတွေအပြင် အောင်မြင်မှုများရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (NGB)

## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ်ချန်ပီယံဆုအား အာဆင်နယ်အသင်း ဆွတ်ခူးမည်ဟု စူပါကွန်ပျူတာခန့်မှန်း

**လန်ဒန် ဒီဇင်ဘာ ၂၆**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ်ချန်ပီယံဆုအား အာဆင်နယ်အသင်းဆွတ်ခူးနိုင်မည်ဟု စူပါကွန်ပျူတာက ခန့်မှန်းဖော်ပြခဲ့သည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် (၁၇)ပွဲကစားအပြီးတွင် ရ မှတ် ၃၉ မှတ်ဖြင့် အဆင့် ၁နေရာတွင် ရပ်တည်လျက်ရှိသည်။

စူပါကွန်ပျူတာ၏ ခန့်မှန်းချက်အရ အာဆင်နယ်အသင်းက ရာသီကုန်တွင် ချန်ပီယံဆု ဆွတ်ခူးနိုင်မည်ဖြစ်ပြီး အဆင့် ၂ နေရာတွင် မန်စီးတီး ၎င်းနောက်တွင် အက်စတွန်ဗီလာ၊ ချဲလ်ဆီး၊ လီဗာပူး၊ မန်ယူ၊ ခရစ္စတယ်ပဲလေ့စ်၊ နယူးကာဆယ်၊ အဲဗာတန်၊ ဘရိုက်တန်တို့ အသီးသီး ရပ်တည်လျက်ရှိသည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် စူပါကွန်ပျူတာခန့်မှန်းထားသည့်အတိုင်း ပရီးမီးယားလိဂ်ချန်ပီယံဆုအား အမှန်တကယ်ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)(NGB)**



### အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံးမှု ရလဒ် |
|---|---|---|---|---|
| ၂၇-၁၂-၂၀၂၅ စနေနေ့ | ည ၇း၀၀ နာရီ | D | ဘီနင် - ဘော့ဆွာနာ | ——— |
| ။ | ည ၉း၃၀ နာရီ | D | ဆီနီဂေါ - ဒီအာကွန်ဂို | ဆီနီဂေါ ၁-၁ ဒီအာကွန်ဂို |
| ၂၈-၁၂-၂၀၂၅ တနင်္ဂနွေနေ့ | နံနက် ၀၀း၀၀ နာရီ | C | ယူဂန်ဒါ - တန်ဇန်းနီးယား | ယူဂန်ဒါ ၀-၁ တန်ဇန်းနီးယား |
| ။ | နံနက် ၀၂း၃၀ နာရီ | C | နိုင်ဂျီးရီးယား - တူနီးရှား | နိုင်ဂျီးရီးယား ၀-၁ တူနီးရှား |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၇-၁၂-၂၀၂၅ ညနေ၆း၀၀နာရီ | (၁၆)ပါမား - ဖီအိုရင်တီးနား(၂၀)<br>(W,L,L,W,L) (L,W,L,L,W) | ပါမား ၁-၁ ဖီအိုရင်တီးနား<br>ဖီအိုရင်တီးနား ၀-၀ ပါမား |
| ၂၇-၁၂-၂၀၂၅ ည၈း၃၀နာရီ | (၁၄)လက်ချီ - ကိုမို(၇)<br>(D,L,W,L,W) (D,W,W,L,L) | လက်ချီ ၀-၃ ကိုမို<br>ကိုမို ၂-၀ လက်ချီ |
| ။ | (၁၃)တိုရီနို - ကာကလီယာရီ(၁၅)<br>(L,L,L,W,W) (L,L,W,L,D) | တိုရီနို ၂-၀ ကာကလီယာရီ<br>ကာကလီယာရီ ၃-၂ တိုရီနို |
| ၂၇-၁၂-၂၀၂၅ ည၁၁း၃၀နာရီ | (၁၂)အူဒီးနီစ် - လာဇီယို(၈)<br>(W,L,L,W,L) (L,W,D,W,D) | အူဒီးနီစ် ၂-၁ လာဇီယို<br>လာဇီယို ၁-၁ အူဒီးနီစ် |
| ၂၈-၁၂-၂၀၂၅ နံနက်၀၂း၁၅နာရီ | (၁၉)ပီဇာ - ဂျူဗင်တပ်(၅)<br>(D,L,L,L,D) (W,L,W,W,W) | ——— |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၈)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၇-၁၂-၂၀၂၅ ည၇း၀၀နာရီ | (၁၇)နော့တင်ဟမ် - မန်စီးတီး(၂)<br>(W,L,W,W,L) (W,W,W,W,W) | နော့တင်ဟမ် ၁-၀ မန်စီးတီး<br>မန်စီးတီး ၃-၀ နော့တင်ဟမ် |
| ၂၇-၁၂-၂၀၂၅ ည၉း၃၀နာရီ | (၁)အာဆင်နယ် - ဘရိုက်တန်(၉)<br>(L,W,W,W,W) (W,L,D,L,D) | အာဆင်နယ် ၁-၁ ဘရိုက်တန်<br>ဘရိုက်တန် ၁-၁ အာဆင်နယ် |
| ။ | (၁၂)ဘရန့်ဖို့ဒ် - ဘုန်းမောက်(၁၅)<br>(L,L,D,L,W) (L,L,D,D,D) | ဘရန့်ဖို့ဒ် ၃-၂ ဘုန်းမောက်<br>ဘုန်းမောက် ၁-၂ ဘရန့်ဖို့ဒ် |
| ။ | (၁၉)ဘန်လေ - အဲဗာတန်(၁၀)<br>(L,L,L,L,D) (L,W,W,L,L) | ဘန်လေ ၀-၂ အဲဗာတန်<br>အဲဗာတန် ၁-၀ ဘန်လေ |
| ။ | (၅)လီဗာပူး - ဝုဖ်(၂၀)<br>(D,D,W,W,W) (L,L,L,L,L) | လီဗာပူး ၂-၀ ဝုဖ်<br>ဝုဖ် ၁-၂ လီဗာပူး |
| ။ | (၁၈)ဝက်စ်ဟမ်း - ဖူလ်ဟမ်(၁၃)<br>(D,D,W,W,W) (L,L,L,L,L) | ဝက်စ်ဟမ်း ၃-၂ ဖူလ်ဟမ်<br>ဖူလ်ဟမ် ၁-၁ ဝက်စ်ဟမ်း |
| ၂၈-၁၂-၂၀၂၅ နံနက်၀၀း၀၀နာရီ | (၄)ချဲလ်ဆီး - ဗီလာ(၃)<br>(D,L,W,W,D) (W,W,W,W,W) | ချဲလ်ဆီး ၃-၀ ဗီလာ<br>ဗီလာ ၂-၁ ချဲလ်ဆီး |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင်နှင့် ကျောက်ဆည်ခရိုင်တို့အတွင်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေး





**မန္တလေး ဒီဇင်ဘာ ၂၆**

၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင်နှင့် ကျောက်ဆည်ခရိုင်တို့အတွင်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်ရှိ စုပေါင်းရုံးဝင်းအတွင်း သင်းရတနာခန်းမတွင် မဲပေးစက်များအား မဲရုံများသို့ ထုတ်ပေးနေမှုများကိုလည်းကောင်း၊ ဝါတိုးရပ်ကွက်ရှိ နည်းပညာတက္ကသိုလ်(ရမည်းသင်း)တွင် ဖွင့်လှစ်ထားသည့် မဲရုံအမှတ်(၃)၊ သီလဝခန်းမ၌ ဖွင့်လှစ်ထားသည့် မဲရုံအမှတ်(၂)၊ ဝါတိုးရပ်ကွက်ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတွင် မဲရုံအမှတ်(၂)၊အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားသည့် မဲရုံအမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)၊ အင်ကြင်းကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဖွင့်လှစ်ထားသည့် မဲရုံအမှတ်(၂) ၊ အခြေခံပညာအထက်တန်းကျောင်း (ရွှေဒါး)တွင် ဖွင့်လှစ်ထားသည့် မဲရုံအမှတ်(၂) စသည့် မဲရုံများသို့ သွားရောက်ပြီး ကြိုတင်ပြင်ဆင်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

၄င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပျော်ဘွယ်မြို့နယ်အတွင်း မဲရုံများဖွင့်လှစ်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများကို သွားရောက်ကြည့်ရှုရာ မင်းလမ်းကျေးရွာရှိ အခြေခံပညာမူလတန်း-မင်းလမ်း(တ)တွင် မဲရုံအမှတ်(၁)၊ မြင်းဘက်ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ပန်းစုံ)တွင် မဲရုံအမှတ်(၁)၊ ရွှေပြည်ရန်အောင်ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် မဲရုံအမှတ်(၁)၊ ရွှေပြည်ရန်နိုင်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် မဲရုံအမှတ်(၁)၊ ဆည်မြောင်းသင်တန်းကျောင်းတွင် မဲရုံအမှတ်(၂)များသို့ လည်းကောင်း၊ ဆက်လက်၍ ဝက်လက်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း-ခွဲ(ရွာသာ)တွင် မဲရုံအမှတ်(၁)၊ ယင်းတော်-မြို့မကျေးရွာရှိ အမှတ်(၁၀၈)အခြေခံပညာမူလတန်းကျောင်းတွင် မဲရုံအမှတ်(၁)၊ ဖွဲသင်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတွင် မဲရုံအမှတ်(၁)သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်အတွင်း မဲရုံများဖွင့်လှစ်ထားရှိမှု ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ညောင်ကိုင်းကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်း(ညောင်ကိုင်း)တွင် မဲရုံအမှတ်(၁)၊





တောမကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်း(တောမ)တွင် မဲရုံအမှတ်(၁)၊ ထမုန်ကန်ကျေးရွာအုပ်စုရှိ အမှတ်(၄၀) အခြေခံပညာမူလတန်းကျောင်းတွင် မဲရုံအမှတ်(၁)၊ ချည်စက်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ(ချည်စက်)တွင် မဲရုံအမှတ်(၁)၊ ရတနာမာရ်အောင်ရပ်ကွက်ရှိ အမှတ်(၁၁၁)အခြေခံပညာမူလတန်းကျောင်းတွင် မဲရုံအမှတ်(၆)၊ ဈေးအရှေ့ပြင်ရပ်ကွက်ဩဇာခြံနယ်မြေရှိ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းတွင် မဲရုံအမှတ်(၁)နှင့်မဲရုံအမှတ်(၂)၊ ရန်မျိုးအောင်ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် မဲရုံအမှတ်(၄)၊ ညောင်ကန်ကျေးရွာအုပ်စုရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတွင် မဲရုံအမှတ်(၁)၊ ကန်သာကျေးရွာအုပ်စုရှိ စက်မှုဇုန်ခန်းမတွင် မဲရုံအမှတ်(၄)မဲရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

၄င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသည့် ရန်ကုန်-မန္တလေးလမ်းမကြီးနှင့်မိတ္ထီလာစက်မှုဇုန်(၂)လမ်းထောင့်မှစ၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ်အဝင်ပေါက်လမ်းအထိ တိုးချဲ့ကတ္တရာလမ်း (အရှည် ၂၄၀၀ ပေနှင့် အကျယ် ၅၀ပေ)ခင်းကျင်းရန်အတွက် မြေကြီးဖို့လမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့သည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် မဲရုံနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဇမြကြည်လင်ရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ဆူးကုန်းရပ်ကွက်ရှိ အမှတ်(၆)အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ စုကြီးရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း၊ ဖောင်ရွာရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၊ မင်းရပ်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများအား ၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ဆောင်ရွက်ရာတွင် အလေးထားဆောင်ရွက်ကြရန်၊ မဲရုံများလုံခြုံရေးအထူးဂရုစိုက်ကြပ်မတ်ဆောင်ရွက်ရန်၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲရုံဝင်သည်မှစ၍ ထွက်သည်အထိ လွယ်ကူချောမွေ့စေရေးနှင့် မဲရုံများတွင် အလင်းရောင်ကောင်းမွန်စွာရရှိအောင် ဆောင်ရွက်ထားရန်တို့ကို မှာကြားပြီးနောက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး



**မန္တလေး ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ မြေနီတောင်ကျေးရွာဘုန်းတော်ကြီးကျောင်းရှိ ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့များက သွားရောက်၍ အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က သီလရှင်သုံးပါး၊ ဒေသခံပြည်သူ ၂၀၂ ဦး၊ စုစုပေါင်း ၂၀၅ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍လိုအပ်သည့် ဆေးဝါးကုသမှု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပေးပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သပိတ်ကျင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝ၃၈)

ဝ-ဝ-ဝ-ဝ

# မန္တလေးရှေ့နေအသင်း တတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၁လမ်းနှင့်၃၁လမ်းထောင့်ရှိ ဆရာဝန်များအသင်းခန်းမ ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် မန္တလေးရှေ့နေအသင်း တတိယအကြိမ် အထွေထွေအစည်းအဝေး ကျင်းပရာ မန္တလေးရှေ့နေအသင်းနာယကကြီးများ၊ မန္တလေးရှေ့နေအသင်းဥက္ကဋ္ဌ ဦးဝမ်းမောင်၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ဆောင်၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးအောင်ငွေ၊ အတွင်းရေးမှူး ဦးမောင်မောင်ဟိန်း၊ တွဲဖက်အတွင်းရေးမှူး ဦးညဏ်ထွန်း၊ ဘဏ္ဍာရေးမှူး ဦးလှနွယ်၊ စာရင်းစစ် ဦးစိုးမိုးထိုက်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်ရှေ့နေများ တက်ရောက်ကြသည်။



အဆိုပါအစည်းအဝေး၌ သဘာပတိအဖြစ် ဦးဝမ်းမောင်၊ အခမ်းအနားမှူး ဦးမောင်မောင်ဟိန်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဦးညဏ်ထွန်းတို့က ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းနောက် သဘာပတိ ဦးဝမ်းမောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဒုတိယဥက္ကဋ္ဌ ဦးအောင်ငွေက ဖတ်ကြားပြီး မန္တလေးရှေ့နေအသင်း ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးလှနွယ်က ဖတ်ကြားရှင်းလင်းခဲ့ကြောင်း စာရင်းစစ် အစီရင်ခံစာကို စာရင်းစစ် ဦးစိုးမိုးထိုက်က ဖတ်ကြားခဲ့ပြီး အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို တက်ရောက်လာကြသည့် ရှေ့နေများထံမှ အတည်ပြုချက်ရယူခဲ့ရာ တက်ရောက်လာသည့် ရှေ့နေများမှ အတည်ပြုခဲ့ကြောင်း၊ သဘာပတိ ဦးဝမ်းမောင်က ကျေးဇူးတင်စကားပြောကြားပြီး အစည်းအဝေးပြီးဆုံးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(ဝ၄၇)

# ကျွန်းလှမြို့နယ်၌ လယ်ရိတ်သိမ်းပြီး သီးထပ်စိုက်ပျိုးရန်ပြင်ဆင်

**ကျွန်းလှ ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ ရိတ်သိမ်းပြီးလယ်မြေများ သီးထပ်စိုက်ပျိုးကြရန် ထွန်ယက်ပြင်ဆင်နေကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ဒေသမှာ ယခုအခါ မိုးစပါးများ ရိတ်သိမ်းချွေလှေ့နေကြတယ်။ ရိတ်သိမ်းပြီးလယ်မြေများကိုလည်း သီးထပ်စိုက်ပျိုးဖို့ ပြင်ဆင်နေကြတယ်။ သီးထပ်စိုက်ပျိုးရာမှာ နေကြာသီးနှံနဲ့ ကုလားပဲသီးနှံ အဓိကစိုက်ပျိုးကြပြီး တချို့တောင်သူတွေက ဟင်းသီးဟင်းရွက်သီးနှံအဖြစ် သခွား၊ ဖရုံ၊ ဖရဲ၊ မုန်ညင်း စတဲ့ သီးနှံစိုက်ပျိုးကြပါတယ်"ဟု ရှမ်းစုကျေးရွာ တောင်သူ ဦးသိန်းလွင်က ပြောသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း ချောင်းရေ၊ မြောင်းရေ၊ မြေအောက်ရေတင်ပြီး စပါးအပြင် သီးနှံမျိုးစုံစိုက်ပျိုးကြကြောင်း မိသားစုဝင်ငွေရရှိပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြကြောင်း သိရသည်။

(၄၈ဝ)

ဝ-ဝ-ဝ-ဝ

# သမဝါယမသင်တန်းကျောင်း(မကွေး) ရွာပင်လှစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ကွင်းဆင်း

**မကွေး ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မကွေး)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမ များ ဦးဆောင်၍ သင်တန်းသား၊ သင်တန်းသူများဖြင့် ယမန်နေ့ နံနက်ပိုင်းက ရွှေတင်တူး စိုက်ပျိုးမွေးမြူရေးဇုန်အတွင်းရှိ ဥစားကြက်မွေးမြူရေးခြံများသို့ ကွင်းဆင်းလေ့လာဆောင်ရွက်ခဲ့သည်။



အဆိုပါ လေ့လာရေးဆောင်ရွက်ရာတွင် မကွေးမြို့ရှိ သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မကွေး)မှ ပထမနှစ်၊ ဒုတိယနှစ် သင်တန်းသား၊ သင်တန်းသူ ၁၀၂ ဦးတို့က စာရင်းရေး၊ စာရင်းကိုင် သင်ခန်းစာများကို လက်တွေ့ကွင်းဆင်းဆောင်ရွက်သည့် အနေဖြင့် မကွေးခရိုင်၊ ရွာပင်လှကျေးရွာအုပ်စု ရွှေတင်တူး စိုက်ပျိုးမွေးမြူရေးဇုန်ရှိ သမဝါယမအသင်းများပိုင် ဥစားကြက်မွေးမြူရေးခြံ ခြောက်ခြံသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ ဦးဆောင်ပြီး သမဝါယမအသင်းစာရင်းများအား လက်တွေ့စစ်ဆေး ကြည့်ရှုခြင်း၊ လေ့လာမှတ်သားခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ရာ တာဝန်ရှိသူများက သမဝါယမအသင်းများ၏ စာရင်းဇယားများ၊ ရည်မှန်းချက်များ၊ ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မောင်ခိုင်မင်း(ပြန်/ဆက်)

# မိုးစပါး ၁၀၉၂၂ ဧကထိ ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၉၈ ဒသမ ၂၃ တင်းနှုန်းထွက်ရှိ



**မြစ်သား ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ဒေသအတွင်း ဆန်စပါး ဖူလုံပိုလျှံရေးအတွက် ဆည်ရေသောက်စနစ်ကို အဓိကအားထားပြီး ဒေသနှင့်ကိုက်ညီသည့် ဧရာမင်း၊ မနောသုခ၊ ရွှေဘိုမနော်၊ အောင်နိုင်တိုး၊ GW-11 စသည့် မိုးစပါးမျိုးများ စိုက်ပျိုးခဲ့ပြီး ဒီဇင်ဘာ ၁၅ ရက်အထိ ၁၀၉၂၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ် ကာ တစ်ဧကလျှင် ၉၈ ဒသမ ၂၃ တင်းနှုန်း ထွက်ရှိ၍ စပါးတင်း စုစုပေါင်း ၁၀၇၂၈၆၈ တင်း ထွက်ရှိကြောင်း မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြစ်သားမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးတောင်သူများကို စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် စိုက်နည်းစနစ်များ မှန်ကန်ရေး၊ စိုက်ပင်အရေအတွက် ပြည့်မီရေး၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ မြေဩဇာနှင့် သွင်းအားစုများ ယခုနှစ် မိုးစပါးပိုးမွှားရောဂါကင်းရှင်းရေး စသည့် လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

မြစ်သားမြို့နယ်၌ ၂၀၂၅-၂၀၂၆ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု မျိုးကွဲအလိုက် ကိုယ်စားပြု ရိတ်သိမ်းဧရိယာများ၏ ကောင်း၊သင့်၊ ညံ့ဟူ၍ သုံးမျိုးခွဲပြီး ရိတ်သိမ်းခဲ့ရာ (ကောင်း)စပါး တစ်ဧကပျမ်းမျှအထွက် နှုန်း ၁၁၀ ဒသမ ဝ၄ တင်း၊ (သင့်) စပါး တစ်ဧကပျမ်းမျှအထွက်နှုန်း ၉ဝ ဒသမ ၂၃ တင်း၊ (ညံ့) စပါး တစ်ဧကပျမ်းမျှအထွက်နှုန်း ၇၉ ဒသမ ၂၂ တင်းထွက်ရှိကြောင်းနှင့် စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများမြင့်မားတိုးတက်လာနိုင်မည်ဖြစ်ရာ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က ပြောသည်။

(အပေါ်ဝဲပုံ)

ဝါဝါမြင့်(မြစ်သား)

Mandalay City Development Committee
MANDALAY
• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# မန္တလေးလျှင်နဲ့ ဌာပနာအမွေအနှစ်များ(၂၄)

မန္တလေးလျှင်ကြီးလှုပ်ပြီးကတည်းက ပြိုပျက်ခဲ့ရတဲ့ ဘုရားပုထိုးစေတီတော်တွေထဲက ထူးခြားတဲ့ အချို့သော ဘုရားစေတီတော်တွေအကြောင်း အနည်းငယ်လောက်ပဲ ရေးရသေးတယ်။ ထွက်ပေါ်လာတဲ့ ထူးခြားဌာပနာတွေအကြောင်းကို အခန်းဆက်သဘောရေးနေတာကြောင့် အချို့ဘုရားစေတီတွေအကြောင်း မရေးရသေးဘူး။ မန္တလေးရဲ့ အထင်ကရ ပြယုဂ်ဖြစ်တဲ့ မဟာမုနိအကြောင်းတောင်ရေးပြီးပေမယ့် မထည့်ဖြစ်သေးဘူး။ ဌာပနာတွေအကြောင်းကလည်း ရေးထားတာ ဆက်ထည့်ဖို့ အများကြီးကျန်နေသေးတယ်။ တစ်ခုခုကို အစပြုမိရင် ပြီးဆုံးတဲ့အထိ ဖြစ်စေချင်လို့ တခြားအကြောင်းတွေ ရေးပြီးပေမယ့် မထည့်ဖြစ်သေးတာ။ ဌာပနာတွေအကြောင်းကလည်း ထူးခြားတာတွေ အသစ်တွေ့နဲ့ဆိုတော့ မပြီးတာလည်း မဆန်းတော့ပါဘူး။ နောက်တစ်ချက်က ဘုရားစေတီတွေ အကြောင်းဆိုရင် လျှင်မတိုင်မီ အခြေအနေနဲ့ လျှင်အပြီး ထူးခြားမှ ရေးလို့ကောင်းတာလေ။ သာမန်ဆို သမိုင်းကြောင်းလောက်ပဲ ရေးနေရင် စိတ်ဝင်စားမှု နည်းသွားမှာလည်း စိုးရိမ်လို့ပါ။ စေတီနဲ့တွဲပြီး ထူးခြားတာတွေ ရှိနေတာတောင်မှ အလှည့်မကျသေးဘူးလို့ ဆိုရမလို ဖြစ်နေပါတယ်။

အခုလည်း အကြောင်းအရာမထူးသော်လည်း လက်ရာဆန်းတဲ့ ဌာပနာလေးတစ်ခုအကြောင်း တင်ပြချင်လို့ပါ။ အကြောင်းအရာက မြတ်စွာဘုရား အလောင်းတော် သိဒ္ဓတ္ထကုမာရမင်းသားလေး တောထွက်ခန်းလေးပါ။ ဒါကြောင့် အားလုံးသိပြီးသားအကြောင်းအရာဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မသိကြသေးတဲ့ လူငယ်အချို့ကို ရည်ရွယ်ပြီး ဇာတ်ကြောင်းလေးကို ပြန်ပြီး အကျဉ်းမျှ ပြောပြပါရစေ။ မြတ်စွာဘုရား အလောင်းတော်ဟာ ၄ အသင်္ချေနဲ့ ကမ္ဘာ ၁ သိန်း ပါရမီတော်တွေ ဖြည့်ကျင့်ခဲ့ရပါတယ်။ "နှမှာ ၅၀၀ ရင့်မာတစ်ကျိပ်" ဆိုတဲ့အတိုင်း "ပါရမီ ၁၀ ပါး အပြား ၃၀" ကို ဖြည့်ကျင့်ပြီး နောက်ဆုံးအရင့်အမာ ဝေဿန္တရာမင်းဘဝနဲ့ ပါရမီတော်ဖြည့်ကျင့်အပြီးမှာ တုသိတာနတ်ပြည်မှာ "သေတကေတု"အလောင်းတော်နတ်မင်းအဖြစ် စံစားပါတယ်။ အဲ့ဒီကနေ နတ်သက်စေ့တော့ အချိန်တန်ပြီဖြစ်လို့ ဘုရားအဖြစ် ပွင့်ဖို့အတွက် ကြည့်ခြင်းကြီး ၅ ပါးနဲ့ကြည့်ပြီး သုဒ္ဓေါဒနရာဇာရဲ့ မိဖုရားခေါင်ကြီး မာယာဒေဝီရဲ့ ဝမ်းကြာတိုက်မှာ သန္ဓေယူခဲ့ပါတယ်။ အခုလို ရေးပြနေခြင်းဟာ ဂေါတမမြတ်စွာဘုရားသည် လူ့သက်တမ်း ၁၀၀ တမ်းမှာပွင့်ခဲ့တဲ့ ဘုရားဖြစ်တယ်ဆိုတာ သိစေချင်လို့ပါ။ ဒါလေးများ လူတိုင်းသိပါတယ်လို့ ပြောလာကြရင် နိမိတ်ကြီး ၄ ပါးကို ဘယ်လိုမြင်တွေ့သလဲလို့ ပြန်မေးချင်ပါတယ်။ ထားပါတော့ ရေးရင်းတစ်ဖြည်းဖြည်းပေါ်လာမှာပါ။ ဆက်ပြောရရင် မြတ်ဘုရား အလောင်းတော်ဟာ လူသားပီပီ မယ်တော်မာယာရဲ့ ရတနာရွှေကြုပ် ဝမ်းကြာတိုက်ကနေ သူတကာနည်းတူ ၉ လလွယ်လို့ ၁၀ လကျမှ လုမ္ဗိနီသာမောအင်ကြင်းရဂုံတောမှာ ဖွားမြင်တော်မူခဲ့ပါတယ်။ ဖွားမြင်ပြီးလို့ နေပြည်တော်ပြန်ရောက်တဲ့အခါ ဖခမည်းတော်မင်းကြီးက သူ့နိုင်ငံအတွင်းက အတော်ဆုံးဆိုတဲ့ ဗြဟ္မဏတွေကို စုရုံးစေပြီး မဟာပုရိသလက္ခဏာများကို စစ်ဆေးစေလို့ ရှေ့ဖြစ်ကို နိမိတ်ဖတ်ဟောပြစေခဲ့ပါတယ်။ အဲ့ဒီအခါ "ဒွေးယေဝ ကတိယော"ဆိုတဲ့အတိုင်း အလောင်းတော် မင်းသားငယ်ဟာ လူအဖြစ်နဲ့ဆို စကြဝတေးမင်းသော်လည်းကောင်း ရသေ့ရဟန်းပြုပါက သဗ္ဗညုတရွှေဉာဏ်တော်ပိုင်ရှင် သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ်အဖြစ်သော်လည်းကောင်း ဖြစ်ပါလိမ့်မယ်လို့ အဟောထွက်ပါတယ်။ ဒါကြောင့် ဖခမည်းတော် သုဒ္ဓေါဒနရာဇာဟာ သာမန်ပုထုဇဉ်ပီပီ ဘုရားအဖြစ်ထက် စကြဝတေးမင်းအဖြစ်ကိုသာ အလိုရှိတဲ့အတိုင်း အလောင်းတော်မင်းသားလေးကို ငယ်စဉ်ကတည်း နွေ၊ မိုး၊ ဆောင်း သုံးရာသီမှာ အလှည့်ကျစံမြန်းရအောင် ရမ္မာ သုဘ သုရမ္မဆိုတဲ့ စံနန်းတော်များမှာ ကာမဂုဏ်စည်းစိမ်များနဲ့ နှောင်ဖွဲ့ထားပါတော့တယ်။ ဘယ်လောက်တောင်များ ဖခမည်းတော်က အစိုးရိမ်ကြီးသလည်းဆိုရင် အလောင်းတော်မင်းသားလေး ၁၆ နှစ်သားအရွယ်မှာ မိန်းမပေးစားပစ်တာကိုသာ ကြည့်ပါတော့။ နောက်ပြီး အလောင်းတော်မင်းသားလေးရဲ့ ပတ်ဝန်းကျင်မှာ ငယ်ပေ့နုပေ့ ချောပေ့ လှပေ့ ဆိုတာတွေနဲ့သာ ဝန်းရံထားပြီး သံဝေဂဖြစ်စေမယ့် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဆိုတဲ့ နိမိတ်ကြီး ၄ ပါးကို မကြားရ မမြင်ရ မတွေ့စေရအောင် အမိန့်အာဏာတွေသုံးပြီး တားမြစ်ထားပါသေးတယ်။ ဒါပေမဲ့ ကံကြမ္မာကိုတော့ တားမြစ်ခြင်းငှာ မစွမ်းသာဘူးဆိုတဲ့စကားအတိုင်း အချိန်တန်လေတော့ အလောင်းတော်မင်းသားလေးသက်တော် ၂၈ နှစ်မှာ နတ်တွေက ပထမဆုံးသူအိုနိမိတ်ကို စတင်ဖန်ဆင်းပြတာကို တွေ့သွားပြီး သံဝေဂ စတင်ရရှိခဲ့ပါတယ်။ ဒီနေရာမှာ သာမန်လူတွေက နိမိတ်ကြီးလေးပါးကို တစ်ရက်ထဲနဲ့ မြင်တွေ့သယောင်ယောင် သိရှိထားကြပါတယ်။ အဲ့ဒါကြောင့် ဗုဒ္ဓဝင်စာပေတွေ ဖတ်မထားရင် ဘုရားလောင်းမင်းသားလေးဟာ နိမိတ်ကြီး ၄ ပါးကို တရက်ထဲနဲ့ တွေ့တာလား။ ဘယ်လောက်ကြာမှ နောက်ထပ်နိမိတ်တွေကို တွေ့တာလဲလို့ သဲသဲကွဲကွဲ မသိကြပါဘူး။ အဲ့ဒါကို သိစေချင်လို့ ကျွန်တော့်အနေနဲ့ အခုလို စကားရှည်နေရခြင်း ဖြစ်ပါတယ်။ ကျီးသဲလေးထပ်ဆရာတော်ရေးသားပြုစုတော်မူတဲ့ "ဇိနတ္ထပကာသနီ"ကျမ်းထဲမှာ နတ်တို့ ဖန်ဆင်းအပ်သော နိမိတ်ကြီး ၄ ပါးကို မြင်တော်မူခန်းအပြီးမှာ "အသက်ရှည်သော ဘုရားလောင်းတို့မှာ အနှစ်တစ်ရာ တစ်ရာရှိပါမှ နိမိတ်တစ်ပါး တစ်ပါးကို မြင်သည်။ ငါတို့ ဘုရားလောင်းမှာ အသက်တိုသော ကာလ၌ဖြစ်၍ လေးလတစ်ခါ မြင်ရသည်"လို့ အသေးစိတ်ကို ရေးပြထားပါတယ်။ နောက်တခါ နိမိတ်တစ်ပါးမြင်အပြီး ဖခမည်းတော်မင်းကြီးက အစောင့်အရှောက်တွေကို တစ်ဂါဝုတ် တိုး၍ တိုး၍ ချထားသည်ဆိုပြီးတော့လည်း ဖခင်မေတ္တာကို စာဖတ်သူတွေ ခံစားနိုင်အောင် ရေးပြထားတာ အင်မတန်မှ နှစ်သက်စရာကောင်းလှပါတယ်။ နောက်ပြီး ရဟန်းနိမိတ်ကိုမြင်အပြီး ဥယျာဉ်တော်ထဲက မင်္ဂလာကျောက်ဖျာထက်မှာ ခေတ္တနားနေတုန်း ဘဒ္ဒကစ္စာနာမိဖုရားက သားရတနာဖွားမြင်ကြောင်းသတင်းပို့လာတဲ့အခါ "လကို ရာဟုဖမ်းသကဲ့သို့ မယားဟူသောအနှောင်အဖွဲ့တစ်ခုတွင် ယခုသားထပ်မံ၍ နှောင်ဖွဲ့ပြန်ဘိသည်"လို့ ထပ်မံပြီး သံဝေဂဖြစ်ရပြန်ပါတယ်။ အဲ့ဒီစိတ်နဲ့ နန်းတော်ကိုပြန်လာပြီး ညရောက်ပြန်တော့ စက်တော်မူရာမှ ထစဉ် သတိလက်လွတ် အိပ်စက်နေကြတဲ့ ကချေသည် မောင်းမတွေကိုကြည့်ပြီး "နိပ်စက်လေစွတကား အယုတ်တရား၌ ကာလရှည်လျားပျော်ပါး၍သာ ငါနေမိချေတကား"လို့ မြည်တမ်းပြီး ယခုပင် တောထွက်ကာ လောကသစ္စာတရားကို ရှာဖွေအံ့လို့ ကြံတော်မူပြီး ဆန္နအမတ်ကိုနှိုးလို့ "ကဏ္ဍကမြင်းတော်ကို ယခုပင် ကချေ" လို့ စေတော်မူပါတယ်။ ပြီးတော့မှ မိဖုရား ယသော်ဓရာ စံမြန်းတဲ့ အဆောင်တော်ကိုကြွကာ ဖွားမြင်စ သားတော်ရာဟုလာကို ရပ်လျက်သား ခေတ္တမျှ ရှုတော်မူပြီး ကဏ္ဍကမြင်းရှိရာ ကြွကာ"ဖွားဖက်တော် ကဏ္ဍက· ယနေ့ငါ့ကို ကူပံ့လော့· သင့်ကိုမှီ၍ သုံးလီသော ဘဝလှောင်ချိုင့်မှ ငါထွက်မြောက်လျှင် သုံးခွင်သော လောက၌ ဝေနေယျသတ္တဝါတို့ကို ခေမာရပ်ခွင်သို့ ငါတင်ပေအံ့"လို့ဆိုပြီး ဖွားဖက်တော် ဆန္နကိုခေါ်ကာ တောထွက်တော်မူခဲ့ပါတယ်။ ဘာကြောင့် ဖွားဖက်တော် ကဏ္ဍကမြင်းကို အခုလို ကူပံ့ပါလို့ ပြောရသလည်းဆိုရင် အသဿထိုရ်မြင်းဖြစ်ပြီး သူ့ဟီသံ ခွာသံနဲ့ လျင်မြန်မှုကို ဘယ်သူမှ မမှီနိုင်လို့ပါဘဲ။ ဒါကြောင့် ဆန္နအမတ် ကကြိုးတန်ဆာလာဆင်တုန်းက တောထွက်မှာကိုသိလို့ ဟီတဲ့အခါ ဘယ်သူမှမကြားရအောင် နတ်တွေက ပိတ်ပင်ပေးခဲ့ရပါသေးတယ်။ အခုလည်း "ကဏ္ဍကမြင်းခြေသံကို နိုင်ငံပြည်သားတို့ ကြားမည်ကြောင့်ကြ၍ ခြေချတိုင်း ခြေချတိုင်း နတ်သားလေးပါးတို့ လက်ဝါးဖြင့် ခံလာကုန်၏" လို့ ရေးဖွဲ့ထားပါတယ်။ နောက်တစ်ခါ အခုလိုမျိုး အလောင်းတော်မင်းသားလေး အမှတ်မဲ့တောထွက်မှာစိုးလို့ ဖခင်ဘုရင်ကြီးက ၁၈ တောင်မြင့်တဲ့ မြို့တံတိုင်းမှာ ယောကျ်ား ၁၀၀၀ ဖွင့်မှပွင့်မည့် တံခါးအထပ်ထပ်ပိတ်လို့ စီမံထားတာကို နတ်တွေက တန်ခိုးနဲ့ ပွင့်စေပြန်ပါတယ်။ မြို့ကထွက်မိတဲ့အခါ ဝသဝတ္တီနတ်ပြည်က မာရ်နတ်မင်းလာပြီး ခရီးဦးမှ ရပ်ကာ ၇ ရက်လွန်လျှင် စကြရတနာဆိုက်မှာမို့ တောမထွက်ရန် တားလာပါတယ်။ အလောင်းတော် မင်းသားလေးကလည်း "ဟယ်· မကောင်းသော မာရ်နတ်၊ ကျွန်းရပ်လေးမည်ကို လှည့်လည်နိုင်တဲ့ စကြရတနာရောက်လာမည်ကို ငါသိသော်လည်း မင်း၏အဖြစ်ကို အလိုမရှိပြီ လောကီချမ်းသာကို တံတွေးပေါက်ကဲ့သို့သာ ငါစွန့်မည်"လို့ ဆိုတော်မူပြီး ဆက်လက်ထွက်ခွာခဲ့ပါတယ်။ ဒါကတော့ မြတ်ဘုရားအလောင်းတော် မင်းသားလေး တောထွက်ခန်းကို ပြန်လည်အမှတ်ရစေရန် အကျဉ်းမျှ ဖော်ပြပေးခြင်းသာ ဖြစ်ပါတယ်။

အခုဆက်ပြီး အမရပူရမြို့ မှန်တန်းရပ်မှာ တည်ထားကိုးကွယ်တဲ့ ဆုတောင်းပြည့် စေတီတော်လျှင်ကြီးကြောင့် ပြိုပျက်ရာက ထွက်ပေါ်လာတဲ့ ဌာပနာတွေထဲမှာ တောထွက်ခန်း ကြေးသွန်းရုပ်တုတွဲ ပါရှိလာခဲ့ပါတယ်။ တခြားဘုရားစေတီဌာပနာတွေထဲကလည်း တောထွက်ခန်းရုပ်တုတွဲကို တွေ့ရလေ့ရှိပါတယ်။ ကွာခြားမှုက အခြားဘုရားတွေကတွေ့ရတဲ့ တောထွက်ခန်းရုပ်တုတွဲမှာ အလောင်းတော်မင်းသားလေးရယ် ကဏ္ဍကမြင်းရယ် မြင်းခွာအောက်မှာ လက်နဲ့ခံထားတဲ့ နတ်သားလေးပါးရယ် တစ်ခါတစ်ရံ မာရ်နတ်ရယ် ဒါလောက်ပါပဲ။ အဲ့ဒီမှာ



ဘုရားလောင်း တောထွက်ခန်း

မြင်းခြေထောက်တွေက ရှည်လျားနေလေ့ရှိပြီး လူရုပ်နတ်ရုပ်တွေက သေးငယ်ကာ အချိုးအစားမကျတာကို တွေ့ရတာများပါတယ်။ အခုဆုတောင်းပြည့် စေတီတော်ထဲကတွေ့ရတဲ့ တောထွက်ခန်းရုပ်တုတွဲကို ပုံမှာကြည့်ပါ။ အလောင်းတော် မင်းသားလေးကို ဗောင်းဆောင်းနားကင်းနဲ့ နတ်မင်းစည်းစိမ်အတိုင်း ဆင်ယင်ထားပါတယ်။ ဆန္နအမတ်ကိုတော့ အမရပူရခေတ်ဟန် ဆံထုံးထိပ်တင်နဲ့ သန်လျက်ထမ်းကာ မြင်းမြီးနားမှာ ထုလုပ်ထားပါတယ်။ အခြားတောထွက်ခန်းတွေနဲ့ ကွာခြားချက်က လူနဲ့မြင်း အချိုးအစားကျနမှုပါ။ ဖွားဖက်တော် ကဏ္ဍကမြင်းဟာ ဘယ်လောက်အရွယ်ပမာဏရှိတယ်လို့ ဗုဒ္ဓဝင်ကျမ်းတွေထဲမှာ ဖော်ပြထားပေမယ့် ဘုရားလောင်းရဲ့ ဘုန်းသမ္ဘာနဲ့ ယှဉ်လိုက်ရင် သာမန်လောက်ပဲ ရှိတယ်ဆိုတာသိစေချင်ပြီး ပကတိအချိုးအစားအတိုင်း ဖန်တီးထားတာ ချီးကျူးစရာပါ။ နောက်ပြီး နတ်တွေကိုတော့ ဗောင်းဆောင်းထားပေမယ့် နားကင်းမပါတာကလည်း အထက်မှာဆိုခဲ့သလို အလောင်းတော်နဲ့ ဘုန်းသမ္ဘာချင်းမတူတာကို သိစေချင်လို့ပါဘဲ။ ပုံကိုကြည့်ပါက မြင်းခွာလေးဖက်ကို နတ်သားလေးပါးက အသံမကြားရအောင် ဖေးမထားဟန် ထုလုပ်ထားတာ မထူးခြားပေမယ့် ထူးတာက အချိုးအစားပါ။ မြင်းတော်ရဲ့ ရှေ့တည့်တည့်မှာ မာရ်နတ်သား တားနေဟန်ကလည်း ပုံမှန်လို့ဆိုရမှာပါ။ မာရ်နတ်နဲ့ ကဏ္ဍကမြင်းရဲ့ကြားဘေးဝဲယာနှစ်ဖက်မှာ နတ်သားနှစ်ပါးစီ ထည့်သွင်းသွန်းလောင်းထားပါတယ်။ အခုဆောင်းပါးရဲ့ အဓိကပြောချင်တဲ့အချက်က အဲ့ဒီနတ်သားလေးပါပဲ ဖြစ်ပါတယ်။ ဘုရားလောင်းတောထွက်တော့ မဟာသက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့ ညသန်းခေါင်ယံအချိန်ကြီးပါ။ ခရီးလမ်း ဖြောင့်ဖြူးစေဖို့ နတ်တွေက မီးရှူးမီးတိုင်များနဲ့ လမ်းပြကြပါတယ်။ အခြားသော တောထွက်ခန်းတွေမှာ မီးရှူးမီးတိုင်ကို သေသေချာချာ မဖန်တီးထားကြပါဘူး။ အခုပုံထဲမှာ မာရ်နတ်နဲ့ ကပ်လျက်သား နတ်သားနှစ်ပါး လက်ထဲမှာကိုင်ထားကြတာ မီးရှူးလေးတွေပါ။ မီးရှူးမှန်းသိသာစေဖို့ မီးညွန့်လေးတွေအပေါ်သို့ တက်နေဟန်ကို ကြေးသွန်းဆရာက လက်စွမ်းပြထားတာ ပထမဆုံးတွေ့ရတာပါပဲ။ နောက်ထပ်နတ်သားနှစ်ပါးရဲ့ လက်ထဲမှာ မီးတိုင်ကိုတော့ ဆီမီးခွက်သဖွယ် ဖန်တီးထားပါတယ်။ ပြောချင်တာက မီးရှူးနဲ့ မီးတိုင်မတူပါဘူး။ အကယ်၍ မီးတိုင်အဖြစ် ဆီမီးခွက်ထဲမှာ မီးညွန့်ရှိနေရင်တောင် မီးရှူးလောက် မီးညွန့်မတက်ပါဘူးဆိုတာ တွေးကြည့်လို့သိသာပေမယ့် လက်တွေ့ဖန်တီးဖို့တော့ ခက်ခဲပါလိမ့်မယ်။ အဲ့ဒီကွာခြားချက်နှစ်ခုကို အမရပူရခေတ်က နိဗ္ဗာန်ကုန်ကြေးသွန်းပညာရှင်က လိမ္မာပါးနပ်စွာ ဖန်တီးပြသွားတာ လွန်စွာချီးကျူးထိုက်လှပါတယ်။ ပညာမှာ စေတနာပေါင်းရင် အောင်မြင်မှုဖြစ်ပါကြောင်း မှတ်တမ်းတင်လိုက်ရပါတယ်။

ကျမ်းညွှန်း ။ ။ ဇိနတ္ထပကာသနီကျမ်း - ကျီးသဲလေးထပ်ဆရာတော်

ရက္ခိတ(ရှေး/သု)

# (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့မှသည် နှစ်ပေါင်းများစွာတိုင် ရှင်သန်နေမည့် မန်းစည်ပင်

* တစ်ရစ်ရစ်ခုနစ် မြူနီစီပါယ်အဖြစ်
ဖွားမြင်သန့်စင် ချိန်ခါတွင်က
မန်းစည်ပင်လို့ အမည်နာမ
မခေါ်ကြသေး ဒို့မန္တလေး ။ ။

* တစ်ကိုးကိုးနှစ် ရောက်ရှိနှစ်မှ
နာမခေါ်တွင် မန်းစည်ပင်ဟု
စဉ်လာပြောင်းလဲ ထိုနှစ်ကတည်းက
ယခုလည်းပြည့်မြောက် (၃၃)နှစ်ရောက်အောင်
လုပ်ဆောင်ကြိုးပမ်း စည်ပင်ဝန်ထမ်း ။ ။

* မြို့တော်သန့်ရှင်း သာယာခြင်းတည်
စိတ်ချမ်းသာရေး စဉ်မျှော်တွေးလျက်
ရည်ရွယ်(၃)ချက် လူထုအတွက် ။ ။

* လမ်းနှင့်တံတား မြောင်းကြီးများစွာ
ရေလာရေစီး ကောင်းမွန်ပြီးလျှင်
ခေတ်မီယန္တရား အမိုက်ကားနှင့်
ဝန်ဆောင်စွန့်ပစ် မလစ်ဟင်းစေရ
ဂုဏ်တင့်စွတည့် သန့်ရှင်းသာယာ
အောင်ကြောင်းဖြာဖို့ စဉ်လာမပျက်
မြို့တော်အတွက် ။

* လမ်းကြောင်းသာယာ ပန်းပေါင်းဖြာယှက်
စိမ်းလန်းလျက်ပါ လမ်းမီးများစွာထိန်ထိန်သာ
ဆိုလာမီးပွိုင့်များနဲ့ အားရစရာ
သွားလာရနီး ကန်တော်ကြီးနှင့်
ခရီးမဝေးပေါင် မန္တလေးတောင်
ရှေ့ဆောင်လမ်းပြ ရတနာပုံမြို့အလှ ။ ။

* မြို့ပြအင်္ဂါ လျော်ညီစွာဖြင့်
ဗွာနဥပမိ စဉ်မြဲရှိအောင်
ကြိုးစားရွက်ဆောင် စည်ပင်ဘောင်တွင်း
ညီညွတ်ခြင်းဖြင့် တွဲလက်ညီညီ
ရှေ့သို့ချီ ။

* ပြည်သူလိုလား ဂရန်များနှင့်
မြေယာကိစ္စ မကျန်ရအောင်
ရွက်ဆောင်ကြိုးပမ်း မနားတမ်းပါ
အခွန်ထမ်းပြည်သူ ကြည်ဖြူစေဖို့
ဝန်ဆောင်ပေးလျက် ကော်မတီအတွက် ။ ။

* ဘာသာသာသနာ ရှိသေစွာဖြင့်
လေးပြင်လေးရပ် ဆွမ်းကပ်ဆွမ်းလောင်း
စုပေါင်းနွဲဆင် ပွဲသဘင်နှင့်
နေ့ကြီးရက်ကြီး ပေါင်းစည်းပြည်သူ
အတူဆီမီး ထွန်းညှိပြီးလျှင်
ဘုရားကြီးကျောက်တော် ကုသိုလ်တော်
ပွဲတော်များဆက် စဉ်လာမပျက် ။ ။

* သောက်သုံးရေသန့် ပေးဝေဖြန့်ကာ
မိလ္လာရေသိုး အနံ့ဆိုးများ
ကင်းဝေးစေမှု နေ့စဉ်ပြုလို့
အိမ်တွင်းအိမ်ပြင် ခြင်ကင်းစင်ရေး
ဆောင်ရွက်ပေး၍ ဈေးလေဈေးလွင့်
ဘေးသင့်သုတ်သင် ထိုပြင်တောင်းရမ်း
ပန်းရောင်းချသူ ထိန်းသိမ်းကူလို့
ကျူးကျော်သူများ ဖယ်ရှားအစဉ်
မြို့စည်ပင် ။ ။

* သတင်းမှန်စွာ ချိန်ခါသိရေး
မန္တလေးနေ့စဉ် သတင်းစဉ်ကို
နေ့စဉ်ထုတ်ဝေ ပေးငှဝေမည်
ကော်မတီရှေ့ဆက် ပြည်သူ့အတွက် ။ ။

* မန္တလေးမြို့တော် အကျိုးမြော်၍
စည်ပင်ဖွံ့ဖြိုးတိုးတက်ဖို့ရန်
စိတ်ရည်သန်ကာ တွဲလက်ညီညီ
ရှေ့ဆက်မည် ရာစုနှစ်ပေါင်း
များစွာဆီ ။ ။

**အိမ့်မှူးသခင်**

## ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**တမူး ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန၌ ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၃ နာရီက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။



ဟောပြောပွဲတွင် တမူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းစိုးက ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါ်မာမာဝင်းက ကလေးအလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ ဥပဒေပါ ကလေးအလုပ်သမားဆိုင်ရာ အသက်အရွယ်ကန့်သတ်ချက်များ၊ အဆိုးဝါးဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း၊ အဓမ္မအလုပ်ခိုင်းစေမှုဆိုင်ရာ အကြောင်းအရာများ၊ ကလေးအလုပ်သမား ဖြစ်ပေါ်စေသည့် အကြောင်းအရာများ၊ ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှုများ လျော့နည်းပပျောက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဥပဒေအရ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးရန်အချက်များ စသည်တို့ကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများအား ဒို့အတူတူမဲပေးကြမည် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြပြီး အသိပညာပေး ပြသထားသည့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ နံရံကပ်စာစောင်များကို စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)




## စာပေချစ်သူများအသင်း(Book Club) စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ကံမ ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီးသရက်ခရိုင်၊ ကံမမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်သူများအသင်း(Book Club) တို့ ပူးပေါင်း၍ စာရေးဆရာမ ခင်ဆွေဦး ရေးသားသည့် ဒို့တိုင်းဌာနီစာအုပ်အား စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ကံမမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆင့်က စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိပြီး စာပေဖတ်ရှုခြင်းဖြင့် ရရှိလာသော အသိပညာဗဟုသုတများကို စာဖတ်သူအချင်းချင်း အပြန်အလှန်ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် (Book Club) အဖွဲ့ဝင်များက စာရေးဆရာမ ခင်ဆွေဦး ရေးသားသည့် ဒို့တိုင်းဌာနီစာအုပ်တွင်ပါရှိသည့် အကြောင်းအရာများအား ဆွေးနွေးကြရာ(Book Club) အဖွဲ့ဝင် ဒေါ်ခင်မာမျိုးက စာအုပ်အပေါ် အမြင်နှင့်ခံစားချက်ကို ဦးဆောင်ဆွေးနွေးခဲ့ပြီး ဒေါ်အေးအေးမွန်က စာအုပ်မှ ရရှိသည့် အကျိုးကျေးဇူး သိမှတ်ဖွယ်ရာအကြောင်းများကို ဆွေးနွေးခဲ့ကြသည်။ တက်ရောက်လာကြသည့် စာပေချစ်သူများက ဆွေးနွေးမှုများအပေါ် အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။




(ဝဲပုံ)

ဇော်ထက်(သရက်)

# ဗုဒ္ဓပူဇနီယပွဲတော်နှင့် မြတ်စွယ်တော်အပူဇော်ခံပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲ ကျင်းပ



**သရက် ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်လုံးဆိုင်ရာ သတ္တဋ္ဌာနဘုရားကြီး၏ (၁၃၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် မြတ်စွယ်တော် အပူဇော်ခံပွဲ ဖွင့်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲ ကျင်းပခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၆ နာရီက ဗုဒ္ဓမြတ်စွယ်တော် ဂန္ဓကုဋိတိုက်၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်ပူဇော်သော ရွှေစေတီမှ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူမည့် ပလ္လင်ထက်သို့ ပင့်ဆောင်ပေးခဲ့ကာ သတ္တဋ္ဌာနဘုရားကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများက ဗုဒ္ဓမြတ်စွယ်တော်နှင့် ဘုရားကြီး ပရိဝုဏ်အတွင်းရှိ စေတီပုထိုးရုပ်ပွားတော်၊ ဆင်းတုတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင် လှူတော်မူပြီး ဩဝါဒါစရိယ ဥက္ကဋ္ဌ ဆရာတော် ဦးသစ္စာနန္ဒထံမှ ငါးပါးသီလ ဆောက်တည်တော်မူကြသည်။

ထို့နောက် ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပေးခဲ့ပြီး ဆရာတော်များအား ဝတ္ထုအလှူငွေများ ဆက်ကပ်ပေးခဲ့ကာ မြခဲတောင်ကျောင်းထိုင်ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် အမျှပေးဝေခဲ့ပြီး ဗုဒ္ဓမြတ်စွယ်တော်ကို ဂန္ဓကုဋိတိုက်ရွှေစေတီအတွင်းသို့ ပင့်ဆောင်၍လည်းကောင်း ဆရာတော်များက "ဇယံန္တော ဗောဓိယာမူလေ"အစရှိသော အောင်ဂါတာများ ရွတ်ဖတ်ပူဇော်ပေးခဲ့ကြပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ဇော်ထက်(သရက်)



# သတ္တမအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**ဇမ္ဗူသီရိ ဒီဇင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ အေးမြသာယာကျောင်းတိုက်တွင် နေပြည်တော်ကောင်စီမှ ကြီးမှူးကျင်းပသော ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ သတ္တမအကြိမ် အသံမစဲ မဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးတိုးဝင်း၊ ဇမ္ဗူသီရိမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇေနော်ဝင်း၊ အဖွဲ့ဝင် ဦးကျော်အောင်၊ ဇမ္ဗူသီရိမြို့နယ် သာသနာရေးမှူး ဦးအောင်သူတို့ တက်ရောက်သည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားအား ဖွင့်လှစ်ခြင်း၊ပဋ္ဌာန်းရောင်ခြည်တော် ဖွင့်ဂါထာ ရွတ်ဖတ်ပူဇော်ခြင်း၊ ဇမ္ဗူသီရိမြို့နယ် ဩဝါဒါစရိယ၊ ရှားတောကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တရ ထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ဒေဝနိမန္တနဂါထာ ရွတ်ဖတ်၍ နတ်ဗြဟ္မာများပင့်ဖိတ်ခြင်း၊နေပြည်တော်ကောင်စီဝင် မှ သာသနာရေးဆိုင်ရာ လျှောက်ထားခြင်း၊ သံဃာတော်အရှင်သူမြတ်များထံသို့ ပဋ္ဌာန်းကျမ်းစာအုပ်၊ ပဋ္ဌာန်းပရိတ်ပန်းအိုး၊ ပရိတ်ရေ၊ ပရိတ်သဲလှူဖွယ်ခြင်းနှင့် ဝတ္ထုငွေများအား နေပြည်တော်ကောင်စီဝင်နှင့် နေပြည်တော်ကောင်စီအတွင်းရေးမှူးတို့က အသီးသီး ဆက်ကပ်လှူဒါန်းခဲ့ကြပြီးနောက် ဆရာတော်သံဃာတော်များက ဦးဆောင်၍ ပရိသတ်အားလုံးမှ ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်ကို သုံးကြိမ်ရွတ်ဖတ်ပူဇော်ပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဖတ်ဆုတောင်း၍ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

အဆိုပါ နေပြည်တော်ကောင်စီမှ ကြီးမှူးကျင်းပသော ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ သတ္တမအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲအား ဒီဇင်ဘာ ၂၃ ရက်မှ ၂၇ ရက်ထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း



**မန္တလေး ဒီဇင်ဘာ ၂၆**

နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်ပွဲကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား အလှူရှင်မိသားစုက အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သင်တန်းကျောင်းကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ဘဒ္ဒန္တကောသလ္လ(ဓမ္မာစရိယ၊B.A)ထံမှ ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားနာယူကြည်ညိုကြပြီး (ဖခင်)ဦးခင်မောင်ကြီး(ခရိုင်စာရင်းစစ်အရာရှိ-ငြိမ်း)၊(မိခင်) ဒေါ်ခင်ဆွေတင့်တို့အားရည်စူး၍ မန္တလေးမြို့နေ အလှူရှင် ဦးဇော်ခိုင်+ ဒေါ်စန္ဒာမောင်၊ (သား)ကိုဇော်လင်းထက်၊ ကိုဇော်ကောင်းစံ မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၁၈ သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းတို့က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

PNT

# မြင့်မြတ်ပညာရေးဖောင်ဒေးရှင်းနှင့် စာကြည့်တိုက်အလှူငွေ ပေးအပ်ပွဲကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၆**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)တွင် ဦးရဲမြင့်နှင့် (ဇနီး) ဒေါ်မြငွေ မိသားစုတို့ တည်ထောင်ထားသော မြင့်မြတ်ပညာရေးဖောင်ဒေးရှင်းနှင့် စာကြည့်တိုက်သို့ အလှူငွေနှင့် သုတ၊ ရသ မဂ္ဂဇင်းဝတ္ထုစာအုပ်များ လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေး-ပြင်ဦးလွင်တို့မှ ငွေနှင့်စာအုပ်အလှူရှင်များ တက်ရောက်ကြပြီး အဝေးရောက်အလှူရှင်များ ကိုယ်စား စာရေးဆရာစောအောင်(တီကျစ်)နှင့် တာဝန်ရှိသူများက လှူဒါန်းကြပြီး မန္တလေးမှ တက်ရောက်လာသူများက ကိုယ်တိုင်နှင့် အဝေးရောက်များအတွက် ကိုယ်စားလှူဒါန်းကြရာ နာယက ဦးရဲမြင့်နှင့် မြင့်မြတ်စာကြည့်တိုက်အမှုဆောင်များက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

ထို့နောက် နာယကမှပင် ကျေးဇူးတင် အမှာစကားများ ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ပညာရေးအတွက် ထောက်ပံ့ရန် အလှူရှင်များ လှူဒါန်းငွေကျပ် ၃၂ သိန်းနှင့် အဝေးအနီး လှူဒါန်းကြသော စာအုပ်မျိုးစုံ ၄၂၄ အုပ်တို့ကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

စောအောင်

* - * - * - * - *



မျက်စိလှူကြ မျက်ကြည်ရ၊
မြတ်သည့်လှူဒါန။

# နှားဘေးမဲ့ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ကျွဲနွားထောက်အုပ်စု၊ သရက်ပင်ကျေးရွာရှိ သျှရီကရိရှ္စနားဂေါ်ရှားလား နွားဘေးမဲ့ရိပ်သာ၏ (၁၀၂)နှစ်မြောက် အထိမ်းအမှတ် နွားဘေးမဲ့ပွဲတော်ကို ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

နှစ်စဉ် ကျင်းပပြုလုပ်တဲ့ ဟိန္ဒူဘာသာဝင်များရဲ့ နွားဘေးမဲ့ပွဲတော်ကိုကျင်းပခြင်းမှာ ကျေးဇူးရှင် GAW MATHA (ဂေါမာသာ)ကို အထူးပူဇော်တဲ့အနေနဲ့ ရိုးရာမပျက် ကျင်းပပြုလုပ်တာဖြစ်ပါတယ်"ဟု သျှရီကရှ္စနားဂေါ်ရှားလား နွားဘေးမဲ့ရိပ်သာဂေါပကအဖွဲ့ဝင် ဦးဗီဂျေးဝီကျုံ(ခ)ဦးကျော်ကျော်ဦးက ရှင်းပြသည်။

(အောက်ပုံ)

ယခုနှစ်တွင် ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပရာတွင် "ဟိန္ဒူနေပါလီရိုးရာအကများနှင့် ဖျော်ဖြေခြင်း ဆန်ဒါရား၊ သတ်သတ်လွတ်စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းနှင့် ကံစမ်းမဲများ ဖွင့်လှစ်ခြင်းများ ပါဝင်လျက် ဟိန္ဒူဘာသာဝင် များအနေဖြင့် နှစ်စဉ် နွားဘေးမဲ့ပွဲတော် ကျင်းပရခြင်းမှာ ဘုရားရှင်ကရစ်ရှ်နာ၏ အလွန်တရာ ချစ်မြတ်နိုးကြင်နာယုယခြင်းကို ခံစားရသော ကျေးဇူးရှင် GAW MATHA တို့၏ ကျေးဇူးတရားကို အောက်မေ့လျက် ဟိန္ဒူဘာသာဝင်များ စုပေါင်း၍ GAW GAW MATHA ဆေးဝါးကို ပြုလုပ်နိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(ဝ၇ဝ)



# အေးလကွယ်၊ နေကြလယ်ဟဲ့

ကျွန်တော်သီချင်းနားမထောင်ဖြစ်တာ ရက်အတန်ကြာပြီ။ ယခင်ကမူ စာရေးနေပြီဆိုလျှင် သီချင်းဖွင့်၍ထားကာ မကြားတစ်ချက်ကြားတစ်ချက် နားထောင်ရင်း စာကိုရေးခဲ့သည်။ ထိုစဉ်က ကျွန်တော်နားထောင်လေ့ရှိသော သီချင်းများက မေသက်ထားဆွေသီဆိုသည့် တစ်နာရီတည်းချစ်ပါရစေ၊ ချိုပြုံးသီဆိုသည့် ဘဝချင်း ဆုံတွေ့ပါရစေနှင့်မေတ္တာဖျန်းမှလန်းဆန်းမယ်သီချင်းများဖြစ် ၏။ ကျွန်တော်၏ ရေးလက်စစာမူ **ကွတ်ကူးသံသာမြည်ဆဲပါ**ကို ရေးနေခဲ့စဉ်ကလည်း တစ်နာရီတည်းချစ်ပါရစေကို နားဆင်ရင်း ကလောင်ကို အသော့နှင်ခဲ့၏။ ကျွန်တော်သည် ပထမဆုံးလုံးချင်းဖြစ်သော အမုန်းကမ္ဘာကိုရေးခဲ့စဉ်က အချိန်ရှစ်လယူခဲ့ရပြီး ယခုရေးလက်စ **ကွတ်ကူးသံသာ**ကို ရေးခဲ့ရာတွင် အချိန်တစ်လခွဲသာသာအတွင်း ပြီးစီးခဲ့ပါသည်။ ကျွန်တော်သည် ဝတ္ထုရေးနေစဉ်အတွင်း အကြောင်းတိုက်ဆိုင်သဖြင့် နားထောင်ဖြစ်ခဲ့သော သီချင်းများလည်းရှိပါ၏။ မြို့မငြိမ်း၏ ရေချိုးဆိပ်မှာ ထိုနည်းအားဖြင့် ကျွန်တော်နားထောင်ခဲ့သည့် သီချင်းပင်။ ကျွန်တော်ရေးသားပြီးစီးသွားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည့် **ချစ်ခင်လေချစ်ပါလှသည့်ရှင်**တွင် လူငယ်တစ်ယောက်ကို သူနှင့်အတူနေ အမျိုးသမီးက သူ့အရွယ်ရောက်လာသောအခါ ခင်မှုသံယောဇဉ်က အသွင်ကူးပြောင်းကာ အာရုံတိမ်းညွတ်လာခဲ့သည်ကို ဖော်ပြရန်ကြိုးစားခဲ့၏။ ကျွန်တော်သည် ထိုဇာတ်ကွက်ကို ဖော်ပြနိုင်ရန်အတွက် မြို့မငြိမ်း၏ ရေချိုးဆိပ်သီချင်းကို ထည့်သွင်းရေးသားရ၏။ ကုန်းပေါ်က လူပျိုလေးရယ် ဘာကိုတွေးတယ်။ သိနိုင်တော့ဘူးကွယ် ဟူသော စာသားက ဝတ္ထုအသွားနှင့် ကိုက်ညီနေ၏။ လူပျိုကလေးသည် သူ့ကို စောင့်ရှောက်နေသော အမျိုးသမီးကိုကြည့်ကာ မည်သို့တွေးနေပါလိမ့်မည်ကို ဆိုလိုခြင်းဖြစ်၏။ ဤနည်းအားဖြင့် ကျွန်တော်သည် ရေချိုးဆိပ်သီချင်းကို နားထောင်ခဲ့ပါသည်။ သီချင်းသီဆိုသူမှာ ဒေါက်တာလှဘူးဖြစ်၏။ ထိုသို့ နားထောင်လိုက်သောအခါမှ သီချင်းစာသားမူမှန်ကို သိခွင့်ရလိုက်၏။ ကုန်းပေါ်က လူပျိုလေးရယ် ဘာကိုငေးတယ် သိနိုင်တော့ဘူးကွယ်ဟူသည်ကား စာသားအမှန်ပင်။ ရေချိုးဆိပ်ကို တစ်ခါနားထောင်ရသည်မှာ အေးမြကြည်လင်လန်းရွှင်ရသည်ဟု ဆိုချင်သည်။ ကျွန်တော် ယခုရက်များအတွင်း နားထောင်ဖြစ်သော သီချင်းတစ်ပုဒ်က ထိုသုံးပါးဖြစ်၏။ ကျွန်တော်သည် စေတီဘုရား ပုထိုးကျောင်းကန် နောက်ခံသီချင်းများကို ယခုနှစ်များတွင် ပိုမိုအာသီသရှိလာကြောင်းကိုမူ ဝန်ခံရမည်သာဖြစ်၏။ **မယ်နှင့်မောင်သစ္စာထားသိကြား နတ်တွေအကုန်သိတယ်** ဟူသော ခေတ်ဟောင်းသီချင်းကိုလည်းကောင်း၊ **ရင်ပြင်တော်ပေါ်အနောက်မြောက်ထောင့်က ညောင်ညိုပင်ရဲ့အရိပ်ရဲ့အောက် မှာလေ**ဟူသော စတူဒီယိုသီချင်းကိုလည်းကောင်း ကောင်းစွာနားဆင်ခဲ့ပါသည်။ ယခုကျွန်တော်ဖော်ပြလိုသည့် ထိုသုံးပါးသီချင်းကား ငြိမ်းအေးခမ္မ သန္တရသကို ခံစားရသည်ဟု ဆိုချင်သည်။ ဘုရားကျောင်းကန်ရိပ်၌ လာရောက်ခိုလှုံနေထိုင်ကြရပုံ၊ ရဟန်းသံဃာတော်တွေက စောင့်ရှောက်ကြပုံ သီချင်းစာသားထဲတွင် ဘုရားကယ်တာတွေ၊ တရားကယ်တာတွေ၊ သံဃာတော်မြတ်ကယ်တာတွေဟု ရေးစပ်ထားပုံမှာ ထိမိသလောက်ပြောင်မြောက် သလောက်လည်း ရင်ထဲစွဲထင်၊ ဆင်ခြင်အသိကို ကိန်းဝပ်စေသည်ဟု ဆိုထိုက်လှပေသည်။

ကျွန်တော့်ကို **ထိုသုံးပါး**သီချင်းက ရင်ထဲစွဲငြိသွားစေသည့် အဆန်းတကြယ်အကွက်ကလေး ရှိပါသည်။

၎င်းမှာ ဘုရားကျောင်းကန်အရိပ် လာရောက်ခိုလှုံကြသူများကို ကျောင်းထိုင်ဘုန်းတော်ကြီးက **'အေးလကွယ်၊နေကြလယ်ဟဲ့'**ဟု ရွတ်ဆိုပြောပြသံဖြစ်၏။

၎င်းသည် သီချင်းစာသားမဟုတ်ဘဲ သီချင်းစာသားထဲဖြတ်ဝင်လာသည့် ရဟန်းတော်ကြီးမိန့်မြွက်သံဖြစ်၏။ **ထိုသုံးပါး**သီချင်းနှင့် အလွန်လိုက်ဖက်လှပြီး **အေးလကွယ်၊နေကြလယ်ဟဲ့**မိန့်မြွက်သံကို သီချင်းစာသား နှစ်နေရာ၌ တွေ့ရ၏။ ထိုစကားသံကို သီချင်းစာသားနှင့်သံစဉ်ထဲတွင် ဟပ်မိနေရန်သာမက ကျစ်လျစ်တိုတောင်း၍ ထိမိကာ လိုရင်းအဓိပ္ပာယ်လည်းပါရှိအောင် တေးရေးသူက ကြံဆနိုင်ခဲ့ပုံနှင့် တီထွင်ဖန်တီးနိုင်ခဲ့ပုံကို စဉ်းစားမိပါသည်။ များသောအားဖြင့် ထိုနေရာတွင် အဆိုတော်က ထိုစာသားကို ပြောဆိုခြင်းမဟုတ်ဘဲ အခြားတီးဝိုင်းအဖွဲ့သားတစ်ဦးက ပြောဆိုခြင်းဖြစ်ကြောင်းကိုလည်း ရိပ်စားမိပါ၏။ သူသည် သံလေးသံတည်ဖြင့် **အေးလကွယ်နေကြလယ်ဟဲ့**ဟု ဆို၏။ ကျွန်တော့်အနေဖြင့် မှတ်ချက်ပြုရလျှင် ရဟန်းတော်၏ အသံအစစ်နီးပါးဟုဆိုချင်၏။ ဤနေရာတွင် ကျွန်တော်သည် ရဟန်းတော်ကြီးများ၏ အသံအစစ်ကို သတိပြုမိသွားပါသည်။ ရဟန်းတော်ကြီးများ၏အသံက ပုထုဇဉ်လူသားတို့၏ အသံထွက်နှင့်အနည်းငယ်ကွဲလွဲသည်ဟု ထင်သည်။ သက်ကြီးဝါကြီးရဟန်းတော်ကြီးများတွင် ထိုအချက်က ပို၍သိသာထင်ရှားပါသည်။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံတော်တွင် ဦးခင်မောင်တို့ ဒကာကြွယ်တို့ စသည်ဖြင့် လူ့အမည်ကို ခေါ်ဝေါ်လိုက်ခြင်းကပင်လျှင် ရဟန်းတော်၏ အသံထွက်မျိုး ဖြစ်ပါသည်။ မင်းကွန်းဆရာတော်ဘုရားကြီး၏ အသံတော်မှာလည်း ဒီသာဖရဏမေတ္တာများ ပွားကြရအောင်ဟု မိန့်မြွက်ပုံမှာ ပုထုဇဉ်အသံထွက်နှင့် ကွဲထွက်ကာ ရဟန်းတော်တို့၏ ပကတိအသံဖြစ်ကြောင်း သိရှိနိုင်၏။ ထိုနည်းတူစွာ သီတဂူဆရာတော်ဘုရားကြီး၏ တနင်္ဂနွေဂြိုဟ်မင်းနှင့်တကွ တနင်္ဂနွေသားသမီးအပေါင်း သူတော်ကောင်းတို့သည်ဟူသော အသံတော်မှာ သီတဂူစန်းလပမာ ချမ်းမြသာယာရှိလှပါသည်။

ကျွန်တော်သည် ဂီတတီးဝိုင်းအဖွဲ့တစ်ခုတွင် ရဟန်းတော်၏ အသံထွက်ကို ကောင်းစွာရွတ်ဆိုနိုင်မည့်သူကို ခေါ်ယူကာ **ထိုသုံးပါး**သီချင်းတီးမှုတ်ဧည့်ခံဖျော်ဖြေရာတွင် ကြိုတင်တီးလုံးတိုက်လျက် **အေးလကွယ်၊နေကြလယ်ဟဲ့** ဟူသော နေရာအရောက်တွင် သူ့ကို ရွတ်ဆိုစေက ကောင်းလေစွဟု တောင့်တမိပါ၏။ သူသည် ဂီတတီးဝိုင်းအဖွဲ့ လှည့်လည်ဖျော်ဖြေရာတွင် လိုက်ပါရမည်ဖြစ်ကာ သူ၏တာဝန်က **ထိုသုံးပါး**သီချင်းဧည့်ခံဖျော်ဖြေတီးမှုတ်တိုင်း **အေးလကွယ်၊နေကြလယ်ဟဲ့**ကို ဌာန်ကရိုဏ်းကျနု၊ သံနေသံထားတည်ခန့်စွာ ရွတ်ဆိုရမည် ဖြစ်ပါသည်။ မှန်ပါသည်။ သူ့အတွက် သင့်လျော်သော ညကြေးကို တီးဝိုင်းခေါင်းဆောင်က ပေးလိမ့်မည်ဟု မျှော်လင့်ပါသည်။

**နေမျိုး**



## မဲဆန္ဒရှင်စာရင်းကြေညာထားရှိမှုကို တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ကလော ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ကလောမြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မကြာမီကျင်းပတော့မည်ဖြစ်ရာ (တတိယ)အကြိမ် မဲဆန္ဒရှင်စာရင်းများအား ဒီဇင်ဘာ ၂၄ ရက်က သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများတွင် ကြေညာထားရှိမှုကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ကလောခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိစေရေးအတွက် မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ကလောမြို့နယ်တွင် (တတိယ)အကြိမ် မဲဆန္ဒရှင်စာရင်းကြေညာခြင်းကို ဒီဇင်ဘာ ၂၃ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ ကြေညာထားမည်ဖြစ်ပြီး (တတိယ)အကြိမ် မဲဆန္ဒရှင်စာရင်း ထုတ်ပြန်ချက်အရ မဲဆန္ဒရှင်ပြည်သူစုစုပေါင်း ၁၃၈၇၆၆ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနမှကြီးမှူး၍ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လာရောက်ထုတ်ယူသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို ယမန်နေ့နံနက် ၉နာရီခွဲက မြန်မာ့စီးပွားရေးဘဏ်ရုံးအတွင်း၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်တိုင်းပေးခြင်း၊ သွေးချိုဆီးချိုရောဂါစစ်ဆေးကုသပေးခဲ့ပြီး သက်ဆိုင်ရာရောဂါများအလိုက် သောက်ဆေးများကို အခမဲ့ ပေးအပ်ခဲ့သည်။

အဆိုပါ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့် အဖွဲ့ဝင်များက အခမဲ့ဆေးကုသဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှု၍ ဆေးဝါးကုသခံယူနေသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ။



## စာဖတ်ဝိုင်း၊ ဟောပြောပွဲနှင့် ပြပွဲများ ကျင်းပ

**ပြည်ကြီးတံခွန် ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက စာဖတ်ဝိုင်း၊ ဟောပြောပွဲနှင့် ပြပွဲများ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က စာဖတ်ဝိုင်းပြုလုပ်ရခြင်းရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်ပြီး အိမ်တွင်းအကြမ်းဖက်မှုပပျောက်ရေး အသိပညာပေး ဟောပြောပွဲ၊ အိမ်တွင်းဝင်ငွေတိုးအသိပညာပေး ဟောပြောပွဲ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲ၊ ကျန်းမာလုပအမျိုးသမီးဘဝ အသိပညာပေး ဟောပြောပွဲများကို ဦးစီးအရာရှိ ဒေါ်ခင်စောလွင်နှင့် ပြည်ကြီးတံခွန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ရှင်းလင်းဟောပြောခဲ့သည်။

၎င်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင်မှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်စာစောင်များ၊ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇင်မင်းမောင်(ခရိုင်ပြန်/ဆက်)**



## ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် ဆီအရောင်းဆိုင်များမှ စားအုန်းဆီများ ရောင်းချပေး

**ကျောက်ဆည် ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် ဆီအရောင်းဆိုင်များမှ တစ်ပိဿာ ငွေကျပ် ၇၂၀၅ ဖြင့် စားအုန်းဆီ ၇၉၄ ပိဿာအား ဝန်ထမ်းများနှင့် ကျေးရွာများသို့ ယမန်နေ့ နံနက်ပိုင်းက ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချရာ၌ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်း အသင်းဝင် စားသုံးဆီ လက်လီ၊ လက်ကား အရောင်းဆိုင်များဖြစ်သည့် ဒေါ်သဇင်အောင်(နေလသုခ) ဒေါ်သီတာ(စစ်ငြိမ်း)၊ ဆီအရောင်းဆိုင်မှ ကျောက်ဆည်ခရိုင်ရှိ ဝန်ထမ်းများနှင့် လက်ပန်းကျေးရွာ၊ ခတက်ကုန်းကျေးရွာ စသည့် ကျေးရွာများသို့ စုစုပေါင်း စားသုံးဆီ ၇၉၄ ပိဿာ ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချပေးသည့် စားအုန်းဆီများကို (Resouries Group Trading Co,Ltd) မှ တစ်ပိဿာ ရည်ညွှန်းဈေး ငွေကျပ် ၆၁၁၅ ဖြင့် ဝယ်ယူခဲ့ပြီး တစ်ပိဿာငွေကျပ် ၇၂၀၅ ဖြင့် ပြန်လည်ရောင်းချခြင်းဖြစ်ကြောင်း ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ပြောပြ၍ သိရသည်။

**(အပေါ်ပုံ)**

**ဇင်မင်းမောင်(ခရိုင်ပြန်/ဆက်)**

# မင်းဘူးမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**မင်းဘူး ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး နှိုးဆော်ခြင်းကို ယမန်နေ့ ညနေ ၃ နာရီက မြို့နယ်အတွင်းလိုက်လံ၍ နှိုးဆော်ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မင်းဘူးခရိုင် မီးသတ်ဦးစီးဌာနမှ ဒုမီးသတ်ဦးစီးမှူး ဦးကျော်ကျော်မိုးနှင့် (၁+၄) ဦးဖြင့် မြို့ပေါ်ရပ်ကွက်များသို့လှည့်လည်၍ မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးထားရန်၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ရန်၊ အမှိုက်များ မီးရှို့လိုလျှင် မီးသတ်တပ်ဖွဲ့သို့အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ရန်၊ ထင်းမီးဖိုအသုံးပြုလျှင် ကျင်းတူးခြင်း၊ လုံခြုံစွာ ကာရံခြင်းများဖြင့် စနစ်တကျ ချက်ပြုတ်ကြရန်၊ ဓာတ်ငွေ့မီးဖြင့် ချက်ပြုတ်လျှင် နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေး၍ ချက်ပြုတ်ရန်၊ လျှပ်စစ်မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးအသစ်များဖြင့် အသုံးပြု ချက်ပြုတ်ရန်၊ နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ဝိုင်ယာကြိုးများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် လျှပ်စစ်ဝိုင်ယာကြိုးများကို အသစ်များဖြင့် အစားထိုးလဲလှယ်အသုံးပြုကြရန်၊ နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့် မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုကြရန်၊ မီးခြစ်နှင့် မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာတွင် သေချာစွာ သိမ်းဆည်းထားရန်၊ ကလေးငယ်များအား မီးဖြစ်ပေါ်စေသောပစ္စည်းများ၊ မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုကြရန်၊ အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးနှင့် အမွှေးတိုင်မီးများ ထွန်းညှိထားခြင်းများ မပြုကြရန်၊ မီးလောင်လွယ်သောပစ္စည်းများ ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖျက်သိမ်းခြင်း၊ မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ရန်၊ အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မီးခလုတ်များနှင့် မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး နေအိမ်မှထွက်ခွာရန်၊ နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများနှင့် ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိရန်၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်တို့ကို မြို့နယ်အတွင်း လှည့်လည်၍ နှိုးဆော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(၅၀၄)**

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ နံရံကပ်စာစောင် ပြသ

**အောင်လံ ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူများ မဲပေးခြင်းဆိုင်ရာ သိရှိနိုင်စေရန် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင် ပြသဆောင်ရွက်ထားရှိခြင်းကို ယမန်နေ့ ညနေ ၃ နာရီက ရုံးရှေ့မြေစိုက် နံရံကပ်ပြဘုတ်၌ ပြသထားခဲ့သည်။

အဆိုပါ မြေစိုက်နံရံကပ်ဘုတ်၌ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဆန္ဒမဲပေးရာ၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးခြင်းဆိုင်ရာများ၊ ဆန္ဒမဲပေးရာ၌ ဆောင်ရွက်ရမည့် ဆောင်ရန်၊ ရှောင်ရန် အသိပညာပေး နံရံကပ်ပိုစတာများနှင့် 'ဒို့အတူတူ မဲပေးကြမယ်' အသိပညာပေး လက်ကမ်းစာစောင်များ ပြသထားကြောင်း သိရသည်။

**(အောက်ပုံ)**

**အာကာ(ပြန်/ဆက်)**





## ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးသည် နံနက် ၇ နာရီတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်သမဝါယမဦးစီးဌာနတို့၏ ရုံးမြေနေရာ မြေလွတ်မြေလပ်လျှောက်ထားနိုင်ရေး ကွင်းဆင်းစစ်ဆေးပြီး ဝမ်တပ်အုပ်စု၊ ဝမ်လွတ်ကျေးရွာတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၅ သန်းဖြင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် ဝမ်လွတ်ရေလွှဲဆည် ပြုပြင်တည်ဆောက်ခြင်း ရာနှုန်းပြည့်ပြီးစီးနေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် အ·မ·က(ဟောင်ကြန့်)၊ အ·မ·က(ဝမ်ဟွန်း)၊ အ·မ·က(ဝမ်ဖြို)၊ အ·မ·က(ဟောင်ကွေ့)၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတို့အား ပညာသင်ကြားရာတွင် အခက်အခဲမရှိစေရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၅၀၅)**

ရေနုတ်မြောင်းအတွင်း
စည်းကမ်းမဲ့ အမှိုက်မစွန့်ပစ်ခြင်းဖြင့်
သင်၏ ဂုဏ်ကို မြှင့်တင်ပါ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၉)၊ ဦးပိုင်နံပါတ်(၅၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်အေးအေးစု အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နန်းပွင့်ရီ(ခ)ဒေါ်နန်းခမ်းရီ(ဘ)ဦးပေါင်းဖု(၁/ဝမန(နိုင်)၀၆၂၁၉၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဦးကြည်ယံ (LL.M) ဦးစည်သူအောင် (LL.B) ဒေါ်သဲမိုမိုထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
